# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၁ ရက် | ၂၀၂၆ ခုနှစ်၊ ဇွန် ၂၅ ရက်၊ ကြာသပတေးနေ့ | အတွဲ(၆၅)၊ အမှတ်(၂၆၃)


**ဝီရိယကို မြဲမြံစွာအားထုတ်**

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြံစွာ အားထုတ်သော သူ၏ တစ်ရက်မျှအသက်ရှည်ရခြင်း သည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၂)

**နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့**

MSMEs လုပ်ငန်းများက ဒေသအလိုက် တိုးတက်ဖွံ့ဖြိုးနိုင်သည့် လုပ်ငန်းများဖြစ်သောကြောင့် ယင်းတို့၏ ဖွံ့ဖြိုးတိုးတက်မှုသည် ဒေသတွင်းအလုပ်အကိုင်များကို တိုက်ရိုက်ဖန်တီးပေးနိုင်ပြီး ရွှေ့ပြောင်းလုပ်သားပြဿနာများကိုလည်း ထိရောက်စွာ လျှော့ချပေးနိုင်သည်။


## ဒုတိယသမ္မတ ဦးညိုစော မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Mr. Abhay Thakur ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၂၄

ဒုတိယသမ္မတ ဦးညိုစောသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E Mr. Abhay Thakur ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတ ရုံးညှိုတွေ့ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၏ အိန္ဒိယနိုင်ငံ ခရီးစဉ်တွင် နှစ်နိုင်ငံ ချစ်ကြည်ရေး အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည့် အခြေအနေများ၊ နှစ်နိုင်ငံ နယ်စပ် တည်ငြိမ်အေးချမ်းရေးနှင့်

စာမျက်နှာ ၃ ကော်လံ ၁ ◆



**လက်ခံတွေ့ဆုံ**

ဒုတိယသမ္မတ ဦးညိုစော မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Abhay Thakur ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

## ၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲနှင့် ၂၀၂၆ ခုနှစ်၊ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများ ထုတ်ပြန်ခြင်းလုပ်ငန်း အသိပေးကြေညာခြင်း

၁။ ၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲနှင့် ၂၀၂၆ ခုနှစ်၊ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများကို ၂၈-၆ -၂၀၂၆ ရက်နေ့ (တနင်္ဂနွေနေ့) နံနက် (၆:၀၀)အချိန်၌ ထုတ်ပြန်ကြေညာမည် ဖြစ်ပါသည်။

၂။ အဆိုပါအောင်စာရင်းများကို မြို့နယ်အသီးသီးရှိ သက်ဆိုင်ရာ စာစစ်ဌာနကျောင်းများတွင် တစ်ချိန်တည်း ကပ်ထားမည်ဖြစ်ပါသည်။

စာမျက်နှာ ၃ ကော်လံ ၃ ❖

## ရန်ကုန်၌ ညပိုင်းအလင်းရောင်ရရှိစေရန်နှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ အထောက်အကူပြုနိုင်စေရန် ဆိုလာလမ်းမီးများ အစားထိုးလဲလှယ်တပ်ဆင်မည်

ရန်ကုန် ဇွန် ၂၄

ရန်ကုန်တိုင်းဒေသကြီးအတွင်း ညအခါအလင်းရောင်ကောင်းမွန်စွာရရှိစေရန်နှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ အထောက်အကူပြုနိုင်စေရန်အတွက် ယခု ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း တိုင်းဒေသကြီး အစိုးရအဖွဲ့ရန်ပုံငွေဖြင့် နေရောင်ခြည်စွမ်းအင်သုံး (Solar) လမ်းမီးများကို ဝယ်ယူအစားထိုး လဲလှယ်တပ်ဆင်သွားမည်ဖြစ်ကြောင်း သိရသည်။

ဇွန် ၂၃ ရက်ကကျင်းပခဲ့သည့် တတိယအကြိမ်မြောက် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး သတ္တမနေ့တွင်

စာမျက်နှာ ၅ ကော်လံ ၃ ○

## ယနေ့ မိုးလေဝသ

(၂၅-၆-၂၀၂၆)

**နေပြည်တော်**

မိုးအသင့်အတင့် ထစ်ချုန်းရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

**ရန်ကုန်**

မိုးအသင့်အတင့် ထစ်ချုန်းရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

**မန္တလေး**

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မိုး/ဇလ

## ယနေ့ မာတိကာ


ပြည်ထောင်စုတည်ဆောက်ခြင်းနှင့် တရားသေအန္တရာယ် — ဆောင်းပါး — စာ ၆

သက်ရှည်ကျန်းမာနေထိုင်ဖို့ ဆီစားသုံးမှု လျှော့ချစို့ — ဆောင်းပါး — စာ ၁၀

ဇွန်လနှောင်းပိုင်းတွင် ဥရောပနိုင်ငံ အများအပြား၌ ပြင်းထန်သော အပူလှိုင်းကျရောက် — နိုင်ငံတကာသတင်း — စာ ၁၄

သတိထားစောင့်ကြည့်ရတော့မည့် မူးယစ်ဆေးဝါး ချက်လုပ်မှုနှင့် ဓာတုပစ္စည်းအန္တရာယ် — ဆောင်းပါး — စာ ၁၆


## ရန်ကုန်မြို့တော်အတွင်း လမ်းမများနှင့် ယာဉ်ရပ်နားရာနေရာများ၌ အတားအဆီးချသူများအား စည်ပင်ဥပဒေဖြင့် ထိရောက်စွာ အရေးယူမည်

ရန်ကုန် ဇွန် ၂၄

ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ လမ်းမများနှင့် ယာဉ်ရပ်နားနိုင်သည့် နေရာများတွင် အတားအဆီးများ ချထားခြင်း မရှိစေရေးအတွက် မြို့နယ်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းပါဝင်မှုသာ ပိုမိုအောင်မြင်နိုင်မည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးမျိုးမြင့်အောင်က ပြောကြားသည်။

ဇွန် ၂၃ ရက်က ကျင်းပသည့် တတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး သတ္တမနေ့တွင် လှိုင်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂) မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစံကျော်၏ ရန်ကုန်မြို့တော်အတွင်းရှိ အမည်တပ်လမ်းမကြီးများနှင့် နံပါတ်တပ်လမ်းများပေါ်တွင် ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် ချထားသည့် အတားအဆီးများကို

စာမျက်နှာ ၃ ကော်လံ ၅ ❈

## ရန်ကုန်-မော်လမြိုင်-ရန်ကုန်ခရီးစဉ်တွင် အမှတ်(၈၃)အဆန်/အမှတ်(၈၄)အစုန် လေအေးပေးစက်ပါ ခေတ်မီ DEMU လူစီးအမြန်ရထားများ စတင်ပြေးဆွဲမည်

နေပြည်တော် ဇွန် ၂၄

ပို့ဆောင်ရေး ဝန်ကြီးဌာန မြန်မာ့မီးရထားသည် ခရီးသွားပြည်သူများ အဆင်ပြေစွာသွားလာနိုင်ရေးအတွက် ရန်ကုန်-မန္တလေးလမ်းပိုင်းအတွင်း ရန်ကုန်-နေပြည်တော်-ရန်ကုန် ရထားခရီးစဉ်နှင့် ရန်ကုန်-မန္တလေး-ရန်ကုန် ရထားခရီးစဉ်များအား လေအေးပေးစက်ပါခေတ်မီ DEMU လူစီးအမြန်ရထားများဖြင့် ပြေးဆွဲပေးခဲ့ပြီး ခရီးသည်များကြိုက်နှစ်သက်၍ စီးနင်းမှုများသောကြောင့်

စာမျက်နှာ ၅ ကော်လံ ၁ ❏



◆ *ရှေ့ဖုံးမှ*

နှစ်နိုင်ငံကုန်သွယ်မှု တိုးချဲ့သွားရေးအခြေအနေများ၊ အိန္ဒိယနိုင်ငံ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် လာရောက်ရင်းနှီးမြှုပ်နှံမည့် အခြေအနေများ၊ နှစ်နိုင်ငံ ကုန်သွယ်မှုကိုသာမက အာဆီယံ-အိန္ဒိယစီးပွားရေးစကြံကို အထောက်အကူပြုသည့် စီမံကိန်းများ အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ နှစ်နိုင်ငံဘဏ်စနစ်များ တိုးတက်ဆောင်ရွက်ရေးအခြေအနေများ၊ နှစ်နိုင်ငံ ဘက်စုံကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယသမ္မတနှင့်အတူ နိုင်ငံတော်သမ္မတရုံး ဒုတိယဝန်ကြီး ဦးခင်လတ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး အိန္ဒိယနိုင်ငံသံအမတ်ကြီးနှင့်အတူ အိန္ဒိယနိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

❖ *ရှေ့ဖုံးမှ*

၃။ အောင်စာရင်းထုတ်ပြန်မည့် ၂၈-၆-၂၀၂၆ ရက်နေ့၊ နံနက်(၄) နာရီတွင် စာစစ်ဌာနအလိုက် အောင်စာရင်းဖိုင်များကို https://www.myanmarexam.org တွင်လည်းကောင်း၊ ခုံအမှတ်ဖြင့် တိုက်ရိုက်ရှာဖွေကြည့်ရှုနိုင်သော အောင်စာရင်းစနစ်ကို https://result.dme.gov.mm တွင်လည်းကောင်း ဝင်ရောက်ကြည့်ရှုနိုင်ရန် စီစဉ်ထားပါသည်။

၄။ စာမေးပွဲအောင်စာရင်းများကို အဆိုပါ Website များမှ ထုတ်ပြန်ကြေညာပေးမည့်အပြင် ဝေးလံသော ဒေသများရှိ စာစစ်ဌာနများနှင့် အင်တာနက်အဆက်အသွယ် ကောင်းစွာမရရှိသည့် စာစစ်ဌာနများ၏ အောင်စာရင်းများကို မြန်မာ့အသံရေဒီယို အစီအစဉ်မှလည်း အောင်စာရင်းထွက်သည့်နေ့တွင် ကြေညာပေးပါမည်။

၅။ အောင်စာရင်းနှင့်ပတ်သက်၍ မရှင်းလင်းသည်များရှိပါက မြန်မာနိုင်ငံစာစစ်ဦးစီးဌာန၊ ဖုန်းနံပါတ် (၀၁-၆၅၃၅၀၉) သို့ အောင်စာရင်းထုတ်ပြန်ကြေညာမည့် ၂၈-၆-၂၀၂၆ ရက်နေ့ (တနင်္ဂနွေနေ့) တွင် ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**မြန်မာနိုင်ငံစာစစ်ဦးစီးဌာန**

**ပညာရှေ့အိုး လူမခိုး**

**ရွှေဘိုမြို့အနီး အင်အား အနည်းငယ်ရှိ ငလျင်လှုပ်**

**နေပြည်တော် ဇွန် ၂၄** – ဇွန် ၂၄ ရက် နံနက် ၁၀ နာရီ ၂၈ မိနစ် ၁၇ စက္ကန့်တွင် မန္တလေးမြေငလျင်စခန်းမှ မြောက်-အနောက်မြောက်ဘက် ၄၄ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း (ရွှေဘိုမြို့၏ အရှေ့ဘက်(၈)မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၂ ဒသမ ၅၈ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒသမ ၈၂ ဒီဂရီ၊ အနက် ၁၄ ကီလိုမီတာကို ဗဟိုပြု၍ ပမာဏ ၄ ဒသမ ၀ (M) အဆင့်ရှိအင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

**မိုး/ဇလ**



## ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၂၄**

ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Abhay Thakur အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(အပေါ်ပုံ)**

တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ဆက်ဆံရေး ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်မပျက် ပိုမိုတိုးမြှင့်ဆောင်ရွက်ရေး၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ဝန်ထမ်းများအား အိန္ဒိယနိုင်ငံသို့ စွမ်းဆောင်ရည် မြှင့်တင်ရေးဆိုင်ရာ သင်တန်းများ စေလွှတ်ရေး၊ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား သံတမန်ရေးရာနှင့်ဥပဒေရေးရာကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများ၊ နှစ်နိုင်ငံလွှတ်တော် နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးနှင့် ဥပဒေပြုရေးဆိုင်ရာ အတွေ့အကြုံများ ဖလှယ်ရေးနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အတူ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ Jeng Phang နော်တောင်၊ နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌနှင့်အတွင်းရေးမှူး၊ အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများနှင့် အိန္ဒိယသံရုံးမှတာဝန်ရှိသူများ တက်ရောက်ကြကြောင်းသိရသည်။ **သတင်းစဉ်**

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ

**ရန်ကုန် ဇွန် ၂၄**

ဘယ်လာရုစ်နိုင်ငံ ဘရက်စ်မြို့၌ ကျင်းပပြုလုပ်သည့် 2 International Forum of the Union State " Great Heritage Common Future " ဖိုရမ် တက်ရောက်ရာမှ ပြန်လည်ထွက်ခွာလာသည့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ဦးဆောင်သော မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၂၄ ရက် ဒေသစံတော်ချိန် ည ၇ နာရီ ၁၅ မိနစ်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ သုဝဏ္ဏဘုမ္မိလေဆိပ်မှတစ်ဆင့် လေကြောင်းခရီးဖြင့် ဆက်လက်ထွက်ခွာလာရာ ည ၈ နာရီ ၁၅ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပြန်လည်ရောက်ရှိခဲ့သည်။**(အောက်ပုံ)**

**ကြိုဆိုနှုတ်ဆက်**

လေဆိပ်တွင် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဌေးအောင်၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်စိုးနှင့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

**သတင်းစဉ်**



## ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး "ဒီဂျစ်တယ်အခြေပြု မြန်မာ့အေအိုင်ခေတ်ဆီသို့" စကားဝိုင်းဆွေးနွေးပွဲ တက်ရောက်

**နေပြည်တော် ဇွန် ၂၄**

"ဒီဂျစ်တယ်အခြေပြု မြန်မာ့အေအိုင်ခေတ်ဆီသို့" စကားဝိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၉နာရီခွဲတွင် နေပြည်တော်ရှိ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။**(ယာပုံ)**



ဆွေးနွေးပွဲတွင် ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးက မြန်မာ့အေအိုင်ခေတ်ဆီသို့ လျှောက်လှမ်းရန်အတွက် ပထမဆုံးအနေနှင့် "AI Localization" ဟုခေါ်သည့် AI ကို မြန်မာမှုပြုရန် လိုပါကြောင်း၊ Developer များ၊ ကုမ္ပဏီများသာမက အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းရှင်များ၊ တောင်သူလယ်သမားများ၊ ကျောင်းသားများမှစ၍ နေ့စဉ်ဘဝတွင် AI နည်းပညာကို လက်လှမ်းမီစွာ၊ အကျိုးရှိစွာ အသုံးချတတ်လာအောင် ဖန်တီးပေးရမည်ဖြစ်ကြောင်း၊ နိုင်ငံသားများ၏ Digital Literacy၊ Digital Maturity နှင့် AI Literacy၊ AI Maturity ဖွံ့ဖြိုးလာစေရန် အစိုးရ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် တက္ကသိုလ်များ၊ နည်းပညာရှင်များ သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်မည်ဆိုပါက မြန်မာ့ AI ခေတ်သည် ရွှေရောင်လွှမ်းလာမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် "ဒီဂျစ်တယ်အခြေပြု မြန်မာ့အေအိုင် ခေတ်ဆီသို့" ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲ ကျင်းပရာ ဦးဆောင်ဆွေးနွေးသူအဖြစ် အမျိုးသားဉာဏ်ရည်တု နည်းပညာဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဒေါက်တာ တင်ဖုန်းကျော်က ဆောင်ရွက်၍ ဦးအောင်နိုင်ဦး၊ ဒေါက်တာဆန်းဆုဆုရည်၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်မှ ဒေါ်ခင်အေးဝင်း၊ ဒေါက်တာ ဇော်လင်းတို့က ပါဝင်ဆွေးနွေးခြင်း၊ တက်ရောက်လာသည့် ကိုယ်စားလှယ်များနှင့် ကျောင်းသားကျောင်းသူများက သိရှိလိုသည့် အချက်အလက်များအား မေးမြန်းဆွေးနွေးခြင်းတို့ ဆောင်ရွက်ပြီး ဆွေးနွေးသည့် အချက်များအပေါ်တွင် ဒုတိယဝန်ကြီး ဦးမင်းဇေယျာလှိုင်က ပြန်လည်သုံးသပ်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❊ *ရှေ့ဖုံးမှ*

၂၀၁၈ ခုနှစ် ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းမှုအပေါ် ဝန်ကြီးက ပြန်လည်ဖြေကြားခဲ့ခြင်းဖြစ်သည်။

လုံခြုံရေးအရ ချထားမှုများနှင့် ပတ်သက်၍ ဝန်ကြီး ဦးမျိုးမြင့်အောင်က ပြီးခဲ့သည့် ၂၀၂၂ ခုနှစ်မှစတင်ကာ လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးအရလိုအပ်ချက်ကြောင့် အတားအဆီးများ ချထားခဲ့ရခြင်းဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် လုံခြုံရေးအရ ဖြေလျှော့ပေး၍ရသည့် နေရာများကို စတင်ဖယ်ရှားပေးခဲ့ရာ ထက်ဝက်နီးပါးခန့် ဖယ်ရှားပြီးစီးခဲ့ပြီ ဖြစ်ကြောင်းနှင့် ကျန်ရှိနေသည့် နေရာအချို့တွင်မူ လုံခြုံရေးလိုအပ်ချက်အရ ဆက်လက်ချထားရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ ထို့ပြင် ပုဂ္ဂလိကများက လမ်းပေါ်တွင် အတားအဆီးများ ချထားခြင်းနှင့် ပတ်သက်၍ "၂၀၁၈ ရန်ကုန်မြို့တော် စည်ပင်သာယာရေးဥပဒေပုဒ်မ ၃၁၅ အရ အများပြည်သူဆိုင်ရာ လမ်းတွေပေါ်မှာ ယာဉ်ရပ်နားတာ ဒါမှမဟုတ် ယာဉ်သွားလာတာကို အနှောင့်အယှက်ဖြစ်စေမယ့် ဘယ်လိုအတားအဆီးမျိုးကိုမဆို ပြုလုပ်ခြင်း မရှိစေရလို့ ပြတ်ပြတ်သားသား တားမြစ်ထားပါတယ်"ဟု ထောက်ပြပြောဆိုသည်။

လက်ရှိတွင် မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးများက ကွင်းဆင်းစစ်ဆေးပြီး အတားအဆီးများကို ဖယ်ရှားရှင်းလင်းခြင်းများ အစဉ်တစိုက် ဆောင်ရွက်နေသော်လည်း အချို့နေရာများတွင် ပြန်လည်ချထားသည်ကို စိစစ်တွေ့ရှိနေရသဖြင့် ထပ်မံကျူးလွန်သူများကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးဥပဒေ(၂၀၁၈)ပါ ပြဋ္ဌာန်းချက်များအတိုင်း ခြွင်းချက်မရှိ ထိရောက်စွာ ဆက်လက်အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

**TWA**

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း မြိတ်တပ်နယ်နှင့် ကျွန်းစုမြို့နယ်မြေခံတပ်ရှိ အရာရှိ၊ စစ်သည် မိသားစုဝင်များအား သီးခြားစီတွေ့ဆုံအမှာစကားပြောကြား၊ တပ်ရင်း/တပ်ဖွဲ့များအား ကြည့်ရှုစစ်ဆေး



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း မြိတ်တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

နေပြည်တော် ဇွန် ၂၄

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းသည် ဇနီး ဒေါ်နန်းကူးကူး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် မြိတ်တပ်နယ်နှင့် ကျွန်းစုမြို့ရှိ နယ်မြေခံတပ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား သီးခြားစီသွားရောက်တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

**တရားဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိ**

ဦးစွာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းက အမှာစကားပြောကြားရာတွင် ကြည်း၊ ရေ၊ လေ၊ လက်ရုံးတပ်ဖွဲ့အသီးသီးရှိတပ်မတော်သားအားလုံးသည် ညီရင်းအစ်ကိုသဖွယ် စိတ်ဓာတ်များဖြင့် နိုင်ငံ့တာဝန်ကို ထမ်းဆောင်နေကြသူများဖြစ်ကြောင်း၊ ၂၀၂၁ ခုနှစ်နောက်ပိုင်းတွင် ဖြစ်ပေါ်လာသည့် နိုင်ငံရေးဖြစ်စဉ်များကြောင့် တပ်မတော်က နိုင်ငံတော်၏တာဝန်အရပ်ရပ်အား စတင်တာဝန်ယူထမ်းဆောင်ချိန်တွင် နိုင်ငံရေးကို နိုင်ငံရေးနည်းလမ်းဖြင့်မဖြေရှင်းဘဲ လက်နက်ကိုင်အကြမ်းဖက်နည်းလမ်းဖြင့် ဆောင်ရွက်လာသည့်အတွက် တပ်မတော်အနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ တည်ငြိမ်အေးချမ်းရေးကိုလိုလားသည့် ပြည်သူလူထုများနှင့် အတူတကွ ပူးပေါင်း၍ တရားဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း။

၂၀၂၅ ဒီဇင်ဘာလနှင့် ၂၀၂၆ ဇန်နဝါရီလများတွင် ကျင်းပခဲ့သော လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမှတစ်ဆင့် နိုင်ငံအဝန်းပြည်သူလူထုကမိမိတို့သဘောဆန္ဒအလျောက် ဆန္ဒမဲများပေးကြကာ ပြည်သူလူထုမှ ရွေးချယ်တင်မြှောက်သည့် နိုင်ငံတော်အစိုးရသစ်တစ်ရပ်ပေါ်ထွန်းခဲ့ကြောင်း၊ ယခုအခါတွင် အစိုးရသစ်၏ ဦးဆောင်မှုဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့်လည်း နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုအောက်တွင်တပ်မတော်သားများအားလုံးက ကျရာတာဝန်များကို ကျေပွန်စွာထမ်းဆောင်နေကြခြင်း ဖြစ်ကြောင်း။

**မိမိတို့၏လုပ်ငန်းတာဝန်ကို ဂုဏ်ယူကြရမည်**

တပ်မတော်သားများသည် သစ္စာ(၄) ချက်ကို နေ့စဉ်ရွတ်ဆိုနေရသည်နှင့်အညီ သစ္စာ (၄)ချက်ပါ အချက်များအတိုင်း ကျင့်ကြံနေထိုင်ကြရန်လိုကြောင်း၊ တပ်မတော်သားများအနေဖြင့် ဒို့တာဝန်အရေး(၃)ပါးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်နေကြသူများပီပီ မိမိတို့၏လုပ်ငန်းတာဝန်ကို ဂုဏ်ယူကြရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏အချုပ်အခြာအာဏာနှင့် နိုင်ငံတော်၏ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် အဖိုးတန်သယံဇာတများကို ကာကွယ်စောင့်ရှောက်ရန်မှာ တပ်မတော်တွင် တာဝန်ရှိကြောင်း၊ ထိုကဲ့သို့တာဝန်ထမ်းဆောင်နိုင်ရန်အတွက် တပ်မတော်သားအရာရှိ၊ စစ်သည် အဆင့်အတန်းအားလုံးအနေဖြင့် မိမိတို့တစ်ဦးချင်း၏စွမ်းရည်များ တိုးတက်အောင်ဆောင်ရွက်ကြရန်လိုကြောင်း၊ သို့မှသာ တစ်ဦးချင်းမှအဖွဲ့အစည်း၏ စွမ်းရည်လည်း တိုးတက်လာမည်ဖြစ်ပြီး ပေးအပ်သည့် အမိန့်နှင့်တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်နိုင်ကြမည်ဖြစ်ကြောင်း။

ထိုသို့စွမ်းရည်ထက်မြက် မြင့်မားနေစေရေးအတွက် သက်ဆိုင်ရာဘာသာရပ်နယ်ပယ်အလိုက် ကြိုးစားလေ့လာ နေရမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာဘာသာရပ်များကို Professional ကျကျ လေ့လာ၍ လက်တွေ့အသုံးချနိုင်အောင် အမြဲမပြတ် လေ့ကျင့်ဆောင်ရွက်နေကြရန်လည်းလိုကြောင်း၊ စစ်အသုံးအဆောင်ပစ္စည်းများနှင့် စစ်နည်းဗျူဟာများသည် ခေတ်နှင့်အညီ စဉ်ဆက်မပြတ် ပြောင်းလဲတိုးတက်လျက်ရှိသဖြင့် စစ်အသုံးအဆောင်ပစ္စည်းများနှင့် စစ်လက်နက်၏ စွမ်းပကားများကို အမြဲလေ့လာနေရန်လိုပြီး အကျိုးရှိစွာ အသုံးချတတ်ရန်လိုကြောင်း၊ သို့မှသာ စွမ်းရည်ထက်မြက်ပြီး နိုင်ငံတော်မှအားထားရသည့်၊ ပြည်သူလူထုက အားကိုးယုံကြည်ရသည့် တပ်မတော်ဖြစ်မည်ဖြစ်ကြောင်း။

**အောင်မြင်အောင်ထမ်းဆောင်**

အဖွဲ့အစည်းတစ်ခုကို ဦးစီးရသည့် ဦးစီးခေါင်းဆောင်ဖြစ်သူသည် အရေးကြီးကြောင်း၊ တပ်မှူးများအနေဖြင့်လည်း တစ်ဦးချင်းစွမ်းရည်ကောင်းမွန်သည့် အရာရှိစစ်သည်များကို ကောင်းမွန်မှန်ကန်သည့် ခေါင်းဆောင်မှုဖြင့် လုပ်ဆောင်မှသာ ရည်မှန်းချက်တာဝန်များကို အောင်မြင်အောင်ထမ်းဆောင်နိုင်သည့်တပ်ဖြစ်မည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ တပ်မှူးများအနေဖြင့် မှန်ကန်ကောင်းမွန်သည့် ခေါင်းဆောင်မှုပေးရန် လိုအပ်သည်ကို အလေးထားမှာကြားလိုကြောင်း။

နိုင်ငံတော်ကာကွယ်ရေးအတွက် အဓိကတာဝန်ထမ်းဆောင်နေရသည့် မိမိတို့ တပ်မတော်အင်အားလျော့နည်းစေရန်အတွက် ပြည်ပသြဇာခံ ကိုယ်ကျိုးရှာအဖွဲ့အစည်းများအနေဖြင့် နည်းလမ်းမျိုးစုံဖြင့် သွေးထိုးလှုံ့ဆော်မှုများ လုပ်ဆောင်လျက်ရှိကြောင်း၊ ထိုသို့လုပ်ဆောင်လျက်ရှိသော်လည်း တပ်မတော်သားများအနေဖြင့် မိမိတို့တာဝန်ကျရာဒေသအသီးသီးတွင် သတ်မှတ်ထားသည့် စည်းမျဉ်း၊ စည်းကမ်းများကို လေးစားလိုက်နာ၍ စည်းလုံးညီညွတ်စွာနေထိုင်ကြရန်လိုကြောင်း၊ ကိုယ်ကျိုးရှာ မသမာသူများအနေဖြင့် နိုင်ငံတော်၏ မြေပေါ်မြေအောက်သယံဇာတများကို တရားမဝင်တူးဖော်ရောင်းချရန်ကြိုးစားနေသည့်အချိန်တွင် တပ်မတော်မှ ထိထိရောက်ရောက် ကာကွယ်စောင့်ရှောက်ရန်လိုကြောင်း၊ ထားဝယ်ရေနက်ဆိပ်ကမ်းကဲ့သို့ မဟာဗျူဟာမြောက် စီမံကိန်းများနှင့် ပြည်ထောင်စုလမ်းမကြီးဖြစ်သည့် ရေး-ထားဝယ်-မြိတ်-ဘုတ်ပြင်း-ကော့သောင်းလမ်းကြောင်းအား ပြည်သူလူထုမှ စိတ်အေးချမ်းသာစွာ သွားလာနေသည်ကို နှောင့်ယှက်ဖျက်ဆီးလာသည့် အကြမ်းဖက်အဖွဲ့အစည်း မှန်သမျှကိုလည်း ထိထိရောက်ရောက် ချေမှုန်းရှင်းလင်းရန်လိုကြောင်း။

ထို့ပြင် တစ်မျိုးသားလုံးကို လူညွှန့်တုံးစေသည့် မူးယစ်ဆေးဝါးများကို နည်းလမ်းအမျိုးမျိုး၊ လမ်းကြောင်းအမျိုးမျိုးဖြင့် လက်နက်ကိုင်အကြမ်းဖက်အဖွဲ့အစည်းများအနေဖြင့် ခိုးထုတ်သယ်ယူကာ နယ်စပ်ဒေသများမှတစ်ဆင့် ပြည်ပနိုင်ငံများသို့ ရောင်းချနေခြင်းနှင့် တရားမဝင်အွန်လိုင်းလောင်းကစားများပြုလုပ်ခြင်းများကိုလည်း တပ်မတော်အနေဖြင့် ထိထိရောက်ရောက် တားဆီးကာကွယ်နှိမ်နင်းလျက်ရှိကြောင်း၊ ပါဝင်ပတ်သက်သူများကိုလည်း ထောက်ထားငဲ့ညှာခြင်းမရှိဘဲ နိုင်ငံတော်မှ ချမှတ်ထားသည့် ဥပဒေနှင့်အညီ ပြင်းပြင်းထန်ထန် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တရားမဝင်တင်သွင်းလာသည့် ကုန်စည်များနှင့် ကုန်သွယ်ရောင်းချမှုများသည် နိုင်ငံတော်၏ဘဏ္ဍာများ၊ အခွန်အခများ များစွာထိခိုက်ဆုံးရှုံး နစ်နာစေသည့်အတွက် တပ်မတော်အနေဖြင့် အဆိုပါလုပ်ငန်းများကို ထိထိရောက်ရောက် တားဆီးကာကွယ်ဆောင်ရွက်လျက်ရှိကြောင်း။

**ပညာရည်မြင့်မားရေးကို အလေးပေး**

တပ်မတော်အနေဖြင့် တပ်မတော်သားမိသားစုဝင်များအတွက် စားသောက်နေထိုင်မှုများ အဆင်ပြေချောမွေ့စေရန် အစဉ်အမြဲဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ တပ်မတော်သားမိသားစုဝင်များအနေဖြင့်လည်း မိမိတို့၏ဝင်ငွေနှင့် ထွက်ငွေ မျှတအောင်သုံးစွဲကြရန်လိုပြီး အသုံးနှင့်အဖြုန်းကို ခွဲခြားသိရှိရန်လိုကြောင်း၊ ကျန်းမာရေးနှင့် ညီညွတ်မျှတသည့် အစားအသောက်အနေအထိုင်များကိုပြုမူဆောင်ရွက်ကြရန်လည်းလိုကြောင်း၊ နိုင်ငံတော်အကြီးအကဲအနေဖြင့် ပညာရည်မြင့်မားရေးကို အထူးအလေးထားဆောင်ရွက်လျက်ရှိသောကြောင့် တပ်မတော်သားမိသားစုဝင်များအနေဖြင့် မိမိတို့၏ သား သမီးများ၏ ပညာရည်မြင့်မားရေးကို အလေးပေး၍ ကြိုးစားဆောင်ရွက်အားပေးနေကြရန်လိုကြောင်း၊ မိမိတို့၏ သားသမီးများကို မိမိတို့ထက် သာလွန်ကောင်းမွန်သော ပညာတတ်မျိုးဆက်များဖြစ်အောင် တိုက်တွန်းဆောင်ရွက်ပေးကြရန်လိုကြောင်း။

စည်းရုံးရေးနှင့်ပတ်သက်၍ တပ်တွင်း/တပ်ပြင်စည်းရုံးရေးကို ခိုင်မာအောင်ဆောင်ရွက်ရန်လိုကြောင်း၊ တပ်မတော်အတွင်း တာဝန်ထမ်းဆောင်နေကြသည့် အရာရှိ၊ စစ်သည်များအနေဖြင့် လူအမျိုးမျိုး၊ စိတ်အမျိုးမျိုးရှိသည့်အတွက် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ရှိရန်အရေးကြီးကြောင်း၊ မိမိတို့သည် စစ်မြေပြင်တွင် အသက်ပေးကာကွယ်စောင့်ရှောက်ကြသူများဖြစ်သည့်အတွက် အထက်အောက်ရိုသေလေးစားစွာ နေထိုင်ဆက်ဆံကြရမည်ဖြစ်ကြောင်း၊ ခေါင်းဆောင်ပိုင်းအနေဖြင့်လည်း မိမိဦးစီးဦးဆောင်ပြုရသည့် အဖွဲ့အစည်းကို အမြဲစည်းလုံးညီညွတ်မှုရှိနေအောင် ညီညွတ်မျှတစွာ အုပ်ချုပ်ရမည်ဖြစ်ကြောင်း၊ တပ်မတော်သားများနှင့် မိသားစုဝင်များအနေဖြင့် အချင်းချင်း စည်းလုံးညီညွတ်စွာနေထိုင်၍ ကျရာတာဝန်များကို ကျေပွန်အောင်ထမ်းဆောင်ကြစေလိုကြောင်း။

အုပ်ချုပ်ရေးပိုင်းအနေဖြင့် တပ်မတော်ရုံးလုပ်ငန်းများကို ဦး၊ ရေး၊ ထောက် ဒေါက်တိုင် ၃ ရပ် ကောင်းမွန်စွာလည်ပတ်မှုဖြင့် ထိန်းကျောင်းထားကြောင်း၊ စစ်စည်းကမ်းဆိုင်ရာ စည်းမျဉ်း၊ အမိန့်နှင့် ညွှန်ကြားချက်များကိုလိုက်နာ၍ ဦး၊ ရေး၊ ထောက်လုပ်ငန်းများကို ဟန်ချက်ညီ ထိန်းကျောင်းသွားရန်လိုကြောင်း၊ ပုံမှန်ဆောင်ရွက်ရသော လုပ်ငန်းစဉ်ဖြစ်၍ တာဝန်ရှိသူများက စိတ်ဝင်တစားဆောင်ရွက်သွားရန်လိုကြောင်း၊ အုပ်ချုပ်ရေးပိုင်းကို ပိုင်နိုင်စွာဆောင်ရွက်နိုင်ခြင်းဖြင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၏ သက်သာချောင်ချိမှုကိုလည်း ထိရောက်စွာလုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း။

တစ်ဦးချင်း၏ တိုက်ပွဲဝင်စိတ်ဓာတ်များကို တုံးတိုက်တိုက်၊ ကျားကိုက်ကိုက်စိတ်ဓာတ်၊ လေ့ခွက်ချည်းကျန် အလံမလှဲသည့် စိတ်ဓာတ်တို့ဖြင့် သင်ယူထားသော စစ်ပညာများကို ကြံရည်ဖန်ရည်ဖြင့် အသုံးချရန်လိုအပ်ပြီး စစ်မြေပြင်တွင် တစ်ဦးချင်း၏ တိုက်ပွဲစွမ်းရည်ကို ဟန်ချက်ညီပေါင်းစပ်၍ အဖွဲ့အစည်း၏တိုက်ပွဲစွမ်းရည်ကို မြှင့်တင်ရန်လိုအပ်ကြောင်း ပြောကြားသည်။

**ချီးမြှင့်ငွေများပေးအပ်**

တွေ့ဆုံပွဲအပြီးတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းက တပ်နယ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာများပေးအပ်ရာ တိုင်းမှူးနှင့် တပ်နယ်မှတာဝန်ရှိသူများက လက်ခံရယူကြသည်။ အလားတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ ဇနီးက တပ်နယ်အသီးသီးရှိ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကိုပေးအပ်ရာ တပ်နယ်အလိုက် တာဝန်ရှိသူများက လက်ခံရယူသည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် အဖွဲ့ဝင်များသည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြသည်။

ယင်းနောက် ဒုတိယတပ်တော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် အဖွဲ့ဝင်များသည် ကျွန်းစုတပ်နယ်ရှိ နယ်မြေခံသင်တန်းကျောင်းနှင့် နယ်မြေခံရေတပ်စခန်းဌာနချုပ်တို့အား လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းသည် ကျွန်းစုမြို့ရှိ နယ်မြေခံသင်တန်းကျောင်း၌ တက်ရောက်လျက်ရှိသည့် သင်တန်းသားများနှင့် ပြည်သူ့စစ်မှုထမ်းသင်တန်းသားများအား တွေ့ဆုံ၍ အမှာစကားပြောကြားရာတွင် မိမိနိုင်ငံနှင့် မိမိတို့မိသားစုများကို ကာကွယ်စောင့်ရှောက်ရန် ယခုကဲ့သို့ သင်တန်းတက်ရောက်ရသည့်အတွက် ဂုဏ်ယူဖွယ်ရာဖြစ်ကြောင်း၊ သင်တန်းကျောင်းမှ သင်ကြားပေးလိုက်သည့် စစ်အတတ်ပညာများနှင့် နည်းပြဆရာများ၏ စေတနာပါပါဖြင့် သင်ကြားပို့ချမှုများကို ကျွမ်းကျင်ပိုင်နိုင်သည်အထိ သေချာစွာဆည်းပူးသင်ယူကြရန်လိုကြောင်း၊ သင်ကြားပေးလိုက်သည့် စစ်အတတ်ပညာများကို အသုံးချပြီး နိုင်ငံတော်နှင့် တပ်မတော်အတွက် အကျိုးရှိအောင် ထမ်းဆောင်ကြရန်လိုကြောင်း ပြောကြားသည်။

**ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်**

ဆက်လက်၍ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် အဖွဲ့ဝင်များသည် သင်တန်းသားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြပြီး

*စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၄ မှ*
ပြည်သူ့စစ်မှုထမ်းသင်တန်းသား အိပ်ဆောင်များ၊ စားရိပ်သာများအား လိုက်လံကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

**သိရှိလိုသည်များမေးမြန်း**

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် အဖွဲ့ဝင်များသည် ကျွန်းစုမြို့ရှိ နယ်မြေခံရေတပ်စခန်းဌာနချုပ်မှ MARINE BIOLOGICAL MUSEUM နှင့် LIBRARY တို့၌ ခင်းကျင်းပြသထားမှုများကိုလည်းကောင်း၊ စိုက်ပျိုးမွေးမြူရေးခြံများတွင် ရာသီသီးနှံများ စိုက်ပျိုးထားရှိမှုများကိုလည်းကောင်း၊ ဥစားကြက်မွေးမြူထားရှိမှုများကိုလည်းကောင်း မော်တော်ယာဉ်များဖြင့် လိုက်လံကြည့်ရှုစစ်ဆေးပြီး သိရှိလိုသည်များ မေးမြန်းကာ လိုအပ်သည်များအား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

**လိုက်လံကြည့်ရှုစစ်ဆေး**

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် အဖွဲ့ဝင်များသည် တိုင်းစစ်ဌာနချုပ်နှင့် မြိတ်တပ်နယ်ရှိ နယ်မြေခံတပ်ရင်း၊ တပ်ဖွဲ့များတွင် ဆောင်ရွက်ထားရှိသော ဥစားဘဲမွေးမြူရေးနှင့် ဘဲသားဖောက်လုပ်ငန်း၊ DYL ဝက်မွေးမြူရေးခြံ၊ ငွေနှင်းမှို စိုက်ပျိုးရေးခြံနှင့် ရာသီသီးနှံစိုက်ပျိုးထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး သိရှိလိုသည်များ မေးမြန်းကာ တာဝန်ရှိသူများနှင့်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းသည် ဇနီး ဒေါ်နန်းကူးကူး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများနှင့်အတူ မြိတ်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့ရောက်ရှိကြရာ ဆေးရုံတပ်မှူး၊ ပါရဂူများ၊ ဆေးမှူးများနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ဆက်လက်၍ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် မြိတ်မြို့၊ နယ်မြေခံတပ်မတော်ဆေးရုံတွင် ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များ၏ တစ်ဦးချင်း ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှု၊ ကျန်းမာရေးတိုးတက်ကောင်းမွန်လာမှု အခြေအနေများကို တစ်ဦးချင်း ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်သည်။

**စားသောက်ဖွယ်ရာများ ပေးအပ်**

အလားတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ၏ဇနီး ဒေါ်နန်းကူးကူးနှင့် အဖွဲ့ဝင်များသည် အမျိုးသမီးနှင့် ကလေးကုသဆောင်သို့သွားရောက်၍ ဆေးရုံတက်ရောက်ကုသလျက်ရှိသည့် လူနာများအား လိုက်လံကြည့်ရှုအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---

❑ *ရှေ့ဖုံးမှ*

ရန်ကုန်-မော်လမြိုင်လမ်းပိုင်းအတွင်း အမှတ်(၈၃)အဆန် ရန်ကုန်-မော်လမြိုင်ခရီးစဉ်နှင့် အမှတ်(၈၄) အစုန် မော်လမြိုင်-ရန်ကုန်ရထားခရီးစဉ်များကို လေအေးပေးစက်ပါ ခေတ်မီ DEMU လူစီးအမြန်ရထားများ အသုံးပြု၍ ၂၀၂၆ ခုနှစ်၊ ဇူလိုင် ၁ ရက်မှစတင်၍ အောက်ပါအချိန်ဇယားအတိုင်း တိုးချဲ့ပြေးဆွဲပေးသွားမည်ဖြစ်သည်။

| စဉ် | ရထားအမှတ် | ခရီးစဉ် | | ထွက်ခွာ/ဆိုက်ရောက်ချိန် | | စုစုပေါင်းကြာမြင့်ချိန် |
|---|---|---|---|---|---|---|
| | | မှ | သို့ | ထွက်ချိန် | ရောက်ချိန် | |
| ၁ | အမှတ်(၈၃)အဆန် | ရန်ကုန် | မော်လမြိုင် | ၀၅:၀၀ | ၁၁:၀၀ | (၆)နာရီ |
| ၂ | အမှတ်(၈၄)အစုန် | မော်လမြိုင် | ရန်ကုန် | ၁၂:၀၀ | ၁၈:၀၀ | (၆)နာရီ |

အထက်ပါ စတင်ပြေးဆွဲမည့် အမှတ်(၈၃)အဆန်/အမှတ်(၈၄) အစုန် ခေတ်မီလေအေးပေးစက်ပါ DEMU ရထားတွဲဆိုင်းတစ်ဆိုင်းတွင် အထက်တန်း နှစ်တွဲ၊ ပထမတန်း လေးတွဲပါရှိပြီး အထက်တန်းတွင် ၇၂ ဦးနှင့် ပထမတန်းတွင် ၂၄၀ စုစုပေါင်း ၃၁၂ ဦး စီးနင်းလိုက်ပါနိုင်မည်ဖြစ်သည်။ လက်မှတ်ခနှုန်းထားမှာ ခရီးစဉ်အစအဆုံး အထက်တန်းအတွက် ငွေကျပ် ၂၂၀၀၀ နှင့် ပထမတန်းအတွက် ငွေကျပ် ၁၆၀၀၀ တို့ဖြစ်သည်။ အဆိုပါရထားသည် ရန်ကုန်-မော်လမြိုင်-ရန်ကုန် ခရီးစဉ်တစ်လျှောက် တိုးကြောင်ကလေး၊ ပဲခူး၊ သိမ်ဇရပ်၊ ကျိုက်ထို၊ သထုံ၊ ပေါင်ဘူတာတို့တွင် ရပ်တန့်ပေးမည်ဖြစ်ပြီး ခရီးစဉ်အစအဆုံး ပြေးဆွဲချိန် ၆ နာရီသာကြာမြင့်မည်ဖြစ်ရာ နေ့ချင်းပြန်သွားရောက်နိုင်မည်ဖြစ်သည်။

ထို့အတူ ရန်ကုန် - မော်လမြိုင်ရထားလမ်းပိုင်းတွင်ပြေးဆွဲလျက်ရှိသော အမှတ်(၈၁) အဆန်/ အမှတ်(၈၂)အစုန် လူစီးအမြန်ရထားနှင့် ယခုပြေးဆွဲမည့် အမှတ်(၈၃)အဆန်/အမှတ် (၈၄) အစုန် ခေတ်မီ DEMU လူစီးအမြန်ရထားများ၏ ရထားလက်မှတ်များကို Online Railways Tacketing and Payment System (ORTP) စနစ်ဖြင့် လက်မှတ်များဝယ်ယူနိုင်မည်ဖြစ်ပြီး ခရီးစဉ်အစအဆုံးအတွက် ခုနစ်ရက်နှင့် ကြားဘူတာများအတွက် ငါးရက်ကြိုတင်ဝယ်ယူနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---

# ကမ္ဘာ့ MSME နေ့ (World MSME Day) ကျင်းပမည်

နေပြည်တော် ဇွန် ၂၄

**ကမ္ဘာတစ်ဝန်း၌ အလုပ်အကိုင်ဖန်တီးခြင်း၊ ဆင်းရဲနွမ်းပါးမှုလျှော့ချခြင်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေခြင်းတို့၌ အဓိကမောင်းနှင်အားဖြစ်သော MSME များ၏ အရေးပါမှုကို အသိအမှတ်ပြုရန်အတွက် ကုလသမဂ္ဂအထွေထွေညီလာခံ၏ ဆုံးဖြတ်ချက်အရ ဇွန် ၂၇ ရက်ကို "ကမ္ဘာ့ MSME နေ့" အဖြစ် ၂၀၁၇ ခုနှစ်မှ စတင်ကာ နှစ်စဉ်ကျင်းပခဲ့ကြသည်။**

ယခုနှစ် ဇွန် ၂၇ ရက်တွင် ကျရောက်မည့် (၁၀) ကြိမ်မြောက် အခမ်းအနား "The Future Generation of MSMEs" (အနာဂတ်မျိုးဆက်သစ် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ) ဆိုသည်မှာ နည်းပညာတစ်ဟုန်ထိုးတိုးတက်လာသည့်ခေတ်တွင် ရေရှည်တည်တံ့ပြီး လူသားဗဟိုပြုသော စီးပွားရေးပုံစံသစ်သို့ ကူးပြောင်းခြင်းဖြစ်ပြီး လက်ရှိနည်းပညာနှင့် ဉာဏ်ရည်တု (AI) ခေတ်အတွင်း မျိုးဆက်သစ်စီးပွားရေးလုပ်ငန်းရှင်များ၏ အခန်းကဏ္ဍကို အဓိကဦးတည်ထားရှိသည်။

စက်မှုနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနအနေဖြင့် "ကမ္ဘာ့ MSME နေ့ (World MSME Day) အခမ်းအနား" ကို

(က) MSME လုပ်ငန်းများသည် ကမ္ဘာတစ်ဝန်းလုံးတွင် အလုပ်အကိုင်ကောင်းမွန်စွာ ဖန်တီးပေးနိုင်သည့် အဓိကအရင်းအမြစ်ဖြစ်ပြီး ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် အရေးပါသော အခန်းကဏ္ဍတွင် ရှိနေစေရန်၊

(ခ) လူငယ်များနှင့် လုပ်ငန်းရှင်များ၏ တီထွင်ဆန်းသစ်မှုနှင့်ဖန်တီးမှုကို ဖော်ထုတ်ပေးနိုင်ခြင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ဈေးကွက်ချဲ့ထွင်မှုကို အသေးစားလုပ်ငန်းများမှတစ်ဆင့် ဒေသတွင်းနှင့် နိုင်ငံတကာဈေးကွက်များအထိ တိုးတက်ကြီးထွားလာစေရန်၊

(ဂ) သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေဘဲ ရေရှည်တည်တံ့နိုင်သော စီးပွားရေးအလေ့အကျင့်ကောင်းများနှင့် တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှု မူဝါဒများကို ကမ္ဘာ့လုပ်ငန်းရှင်များအကြား ပျံ့နှံ့သွားစေရန်၊

(ဃ) ကမ္ဘာလုံးဆိုင်ရာ ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးရေးရည်မှန်းချက်များ (SDGs) အောင်မြင်စေရန်အတွက် MSME လုပ်ငန်းများ၏ အရေးပါပုံကို ပြည်သူတစ်ရပ်လုံး ပိုမိုသိရှိနားလည်လာစေရန်

ဟူသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။

၂၀၂၆ ခုနှစ် ကမ္ဘာ့ MSME နေ့ (World MSME Day) အခမ်းအနားကို ဇွန် ၂၇ ရက်မှ ၂၈ ရက်အထိ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၁) (MICC – 1) ၌ ကျင်းပသွားမည်ဖြစ်ပြီး ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ MSME အေဂျင်စီများ၏ MSME ဖွံ့ဖြိုးရေးဆိုင်ရာ ပြခန်းများ၊ စကားဝိုင်းဆွေးနွေးပွဲများ၊ အသိပညာပေးဆွေးနွေးပွဲများလည်း ပါဝင်မည်ဖြစ်ရာ ပြည်သူများပါဝင်ဆင်နွှဲနိုင်ကြောင်း သိရှိရသည်။ **သတင်းစဉ်**

---




## ထားဝယ်မြို့၌ လူငယ်ထုအတွင်း မူးယစ်ဆေးဝါးနှင့် လောင်းကစားကင်းရှင်းရေး လူငယ်စကားဝိုင်းဆွေးနွေး

**ထားဝယ် ဇွန် ၂၄**

တနင်္သာရီတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီက ကြီးမှူးကျင်းပသည့် လူငယ်ထုအတွင်း မူးယစ်ဆေးဝါးနှင့် လောင်းကစားကင်းရှင်းရေး လူငယ်စကားဝိုင်းကျင်းပရာ တိုင်းဒေသကြီးလူငယ်ရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးသက်နိုင်က မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းသည် အခက်အခဲစိန်ခေါ်မှုများစွာရှိနိုင်သည့်အတွက် အမျိုးသားရေးဘုံရန်သူအဖြစ် သတ်မှတ်သဘောထားပြီး အစိုးရနှင့် ပြည်သူလူထုလက်တွဲ၍ လူငယ်မောင်မယ်များကပါ အားအင်အပြည့်ဖြင့်ပူးပေါင်းကာ ထိထိရောက်ရောက်တိုက်ဖျက်မည်ဆိုပါက အောင်မြင်နိုင်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ယဉ်ယဉ်နုက ဦးဆောင်ဆွေးနွေးသူအဖြစ်ဆောင်ရွက်ပြီး ထားဝယ်ပညာရေးဒီဂရီကောလိပ်မှ သင်တန်းသား သင်တန်းသူများက လူငယ်နှင့်မူးယစ်ဆေး၊ လူငယ်နှင့် လောင်းကစား၊ လူငယ်နှင့် လူကုန်ကူးမှု၊ ပြန်လည်ထူထောင်ရေး၊ ပြစ်မှု/ပြစ်ဒဏ်များ စသည့်ခေါင်းစဉ်များဖြင့် အပြန်အလှန်မေးမြန်းဆွေးနွေးကာ ဆွေးနွေးချက်များအပေါ် ဌာနဆိုင်ရာတာဝန်ရှိသူများက ဖြည့်စွက်ဆွေးနွေးခဲ့ကြသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

---

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေသည်။ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

**မိုး/ဇလ**

---

## နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

---

○ *ရှေ့ဖုံးမှ*

ကျောက်တံတားမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းနိုင်၏ ရန်ကုန်တိုင်းဒေသကြီးအတွင်း လမ်းမီးများ အသစ်တပ်ဆင်ရန်နှင့် ပျက်စီးနေသည့်မီးသီးများကို လဲလှယ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းမှုအပေါ် တိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါက်တာမျိုးသော်က အထက်ပါအတိုင်း ဖြေကြားခဲ့ခြင်းဖြစ်သည်။

"လာမယ့်နှစ်တွေမှာ လမ်းမီးလုံးတွေ ပြုပြင်နိုင်ဖို့အတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေနဲ့ လျာထားသွားမှာဖြစ်ပြီး နှစ်စဉ် ၅ ရာခိုင်နှုန်းခန့်ကို ဝယ်ယူအစားထိုးတပ်ဆင်ပေးသွားမှာ ဖြစ်ပါတယ်" ဟု ဒေါက်တာမျိုးသော်က ပြောကြားသည်။

ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(YESC)အနေဖြင့် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အားလုံး၌ လမ်းမီးများတပ်ဆင်ထွန်းလင်းနိုင်ရေးအတွက် ဘဏ္ဍာနှစ်အလိုက် ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်လျက်ရှိရာ လမ်းမီးလုံးဝမရှိသေးသည့် လမ်းများနှင့် အဓိကလမ်းမကြီးများကို ပထမဦးစားပေးအဆင့်အနေဖြင့် တပ်ဆင်ပေးလျက်ရှိကြောင်း သိရသည်။ ထို့ပြင် ချွတ်ယွင်းနေသည့် မီးလုံးများလဲလှယ်ခြင်းနှင့် ပြုပြင်နိုင်သည့် မီးလုံးများကို ပြန်လည်ပြင်ဆင်ခြင်းတို့ကိုလည်း ဘဏ္ဍာနှစ်အလိုက် လုပ်ဆောင်နေကြောင်း ဝန်ကြီးက ဆက်လက်ပြောကြားသည်။

ယခုကဲ့သို့ လမ်းမီးများ ပြုပြင်လဲလှယ်တပ်ဆင်ပေးခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများနှင့်ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းနိုင်က "ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်နဲ့ရပ်ကွက်တချို့မှာ လမ်းမီးတွေပျက်နေတာ၊ လမ်းမီးမရှိတဲ့နေရာတွေမှာ မီးတွေထွန်းညှိပေးနိုင်ရင် ဖြစ်ပေါ်လာနိုင်တဲ့ မှုခင်းတွေကျဆင်းလာနိုင်သလို တရားဥပဒေစိုးမိုးရေးလည်း အားကောင်းလာနိုင်မှာဖြစ်ပါတယ်" ဟု သုံးသပ်ပြောကြားသည်။

လက်ရှိစစ်တမ်းများအရ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင် ၁၄ ခရိုင်၌ လမ်းမီးလုံးပေါင်း ၄၇၀၆၂ လုံး တပ်ဆင်ပေးထားပြီးဖြစ်ကြောင်း၊ လမ်းလယ်ကျွန်းများတစ်လျှောက်တွင်လည်း လမ်းမီးလုံး ၇၂၃၀ တပ်ဆင်ထားရှိပြီးဖြစ်ကြောင်း သိရသည်။

ထို့ပြင် ပြီးခဲ့သည့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်းကလည်း ပြုပြင်လဲလှယ်ရန်အတွက် လမ်းမီးလုံးအလုံးရေ ၇၀၀ ကို ဝယ်ယူခဲ့ကြောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အချက်အလက်များအရ သိရသည်။ **TWA**

# ပြည်ထောင်စုတည်ဆောက်ခြင်းနှင့် တရားသေအန္တရာယ်

မင်းခန့်ကျော်(ဥပဒေ)

၂၀၂၆ ခုနှစ်၊ မေလ ၂၆ ရက်နေ့က နိုင်ငံတော်သမ္မတရုံးတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ခဲ့တဲ့ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးမှာ နိုင်ငံတော်သမ္မတကြီးက **“ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကို ရအောင်တည်ဆောက်မှာဖြစ်ကြောင်း၊ ဖက်ဒရယ်လို့ဆိုရာမှာ နယ်မြေဒေသကိုပေးသည့် ဖက်ဒရယ်ဖြစ်ပြီး လူမျိုးကိုပေးသည့် ဖက်ဒရယ်မဟုတ်သည်ကို သိရှိနားလည်ရန် လိုကြောင်း”** ထည့်သွင်းပြောကြားခဲ့တာကို တွေ့ရပါတယ်။ ဒီလို နိုင်ငံတော်သမ္မတကြီးက ပြောကြားခဲ့တဲ့အပေါ်မှာ အွန်လိုင်းမီဒီယာအချို့က ဝေဖန်ပြောဆိုခဲ့တာကိုလည်း တွေ့ရှိရပါတယ်။ အွန်လိုင်းမီဒီယာတစ်ခုက “ဒေသအခြေခံဖက်ဒရယ် လို့ပြောဆိုချက်ဟာ တိုင်းရင်းသားတွေလိုလားတဲ့ လူမျိုးစုအခြေခံဖက်ဒရယ်မူနဲ့ ကွာဟနေတာကြောင့် ငြိမ်းချမ်းရေးဆွေးနွေးမှုတွေမှာ အခက်အခဲတွေ ဆက်ရှိနေဦးမှာဖြစ်ကြောင်း” ပြောဆိုရေးသားဖော်ပြခဲ့တာကို တွေ့ရှိရပါတယ်။

နောက်ထပ် အွန်လိုင်းမီဒီယာတစ်ခုကလည်း “နယ်မြေဒေသကိုပေးခြင်းဆိုသည်မှာ လက်ရှိ ရှိနေသည့် တိုင်းနှင့်ပြည်နယ် နယ်နိမိတ်အတွင်း၌သာ လုပ်ပိုင်ခွင့်အချို့ကို ခွဲဝေပေးမည်ဟုဆိုလိုခြင်းဖြစ်ကြောင်း” ကိုယ်အယူအဆနဲ့ကိုယ် ရေးသားဖော်ပြခဲ့တာကိုလည်း တွေ့ရှိရပါတယ်။ အခြားဝေဖန်ရေးသားမှုတွေလည်းရှိနေပါသေးတယ်။ စာလေးပြီး လိုရင်းမရောက်မှာစိုးတဲ့အတွက် ချန်လှပ်ထားခဲ့ပါတယ်။

**နှစ်ဖက်သဘောတူထားခဲ့ကြတာကို တွေ့ရမှာဖြစ်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေကြား ချုပ်ဆိုခဲ့တဲ့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ရဲ့ အခန်း(၁)၊ အခြေခံမူများအခန်းမှာဆိုရင် ရေရှည်တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေးတည်ဆောက်နိုင်ရေးအတွက် အခြေခံမူတွေချမှတ်ထားတဲ့ အပိုဒ် ၁၊ အပိုဒ်ခွဲ(က) မှာ “ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အား **ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကိုရှေးရှု၍** လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် တရားမျှတမှုတို့ကို အခြေခံပြီး ပင်လုံစိတ်ဓာတ်နဲ့အညီ **ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ၊ အာမခံချက်များ** အပြည့်အဝရှိသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်များနှင့်အညီ တည်ဆောက်သွားရန်” လို့ နှစ်ဖက်သဘောတူထားခဲ့ကြတာကို တွေ့ရမှာဖြစ်ပါတယ်။

ဒီအခြေခံမူမှာ ထင်ရှားတဲ့ချိတ်ဆက်ထားမှုက ဒို့တာဝန်အရေးသုံးပါးနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေတောင်းဆိုတဲ့ ဒီမိုကရေစီရေး၊ အမျိုးသား**တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ၊ အာမခံချက်များဆိုတဲ့ အချက်နှစ်ချက်ကို** ချိတ်ဆက်ထားတာပဲဖြစ်ပါတယ်။ ဒီချိတ်ဆက်ထားမှုအရဆိုရှင်းပါတယ်။ နိုင်ငံတော်ပြိုကွဲစေမယ့်အန္တရာယ်ကို ရှောင်ရှားကြမယ်လို့ သဘောတူထားခဲ့ကြတဲ့သဘောလည်းဖြစ်ပါတယ်။ ဒီနေရာမှာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ပြည်ထောင်စုတည်ဆောက်ရေးသဘောတရားနဲ့ ကျော်လွန်တဲ့ အဓိပ္ပာယ်ဖွင့်ဆိုကြတာကိုလည်း တွေ့နေရပါတယ်။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ပင်လုံစာချုပ်မှာကတည်းက လက်ခံထားခဲ့တာဖြစ်တယ်လို့ ပြောဆိုကြတာကိုလည်း တွေ့ရပါတယ်။ ပင်လုံစာချုပ်မှာ အတိအလင်းဖော်ပြထားတာက **“Full autonomy in internal administration** for the Frontier Areas is accepted in principle” ဟူ၍ဖြစ်ပါတယ်။ ဒါကို **“တောင်တန်းဒေသများအတွက် နယ်တွင်းအုပ်ချုပ်ရေးတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ အပြည့်အဝရှိရမည်**ဟု မူအားဖြင့် သဘောတူကြသည်” လို့ မြန်မာမှုပြုကြတာကို တွေ့ရပါတယ်။

“Full autonomy in internal administration” ကို “နယ်တွင်းအုပ်ချုပ်ရေးတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ အပြည့်အဝရှိရမည်” လို့မြန်မာမှုပြုတာကို ပြန်စိစစ်ကြည့်တဲ့အခါမှာတော့ “autonomy” ဆိုတာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်လို့ အဓိပ္ပာယ်ရမှာဖြစ်ပြီး ယနေ့ခေတ်မှာ သဘောထားကွဲလွဲနေကြတဲ့ “ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် – Self Determination” မဟုတ်တာကို တွေ့ရမှာဖြစ်ပါတယ်။ NCA မှာ ဒို့တာဝန်အရေးသုံးပါးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ချိတ်ဆက်ထားမှုအရ “နယ်တွင်းကိုယ်ပိုင်ပြဋ္ဌာန်းခွင့်–Internal Self Determination” အဖြစ် ယူဆရမှာဖြစ်ပါတယ်။

ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရေး နိုင်ငံရေးဆွေးနွေးကြတဲ့အခါမှာလည်း စကားလုံးတစ္ဆေခြောက်မှုတွေကြောင့် ရှေ့ရောက်သင့်သလောက် မရောက်ခဲ့ရတဲ့ အခြေအနေတွေနဲ့လည်း ကြုံတွေ့ခဲ့ရပါတယ်။ ဖက်ဒရယ်စနစ်ရဲ့ မူသဘောတရားတွေကို ကြည့်မယ်ဆိုရင် **“ဖက်ဒရယ်စနစ်ဆိုတာ တစ်စိတ်တစ်ဒေသ ကိုယ်ပိုင်အုပ်ချုပ်ခြင်းနဲ့၊ တစ်စိတ်တစ်ဒေသ အတူတကွ ပူးပေါင်းအုပ်ချုပ်ခြင်းတို့ကို ပေါင်းစပ်ထားခြင်း”** ဖြစ်တယ်လို့ Elazar က ဆိုထားပါတယ်။

> ❖ **ကမ္ဘာမှာ ဖက်ဒရယ်စနစ်ကျင့်သုံးတဲ့ နိုင်ငံတွေကိုကြည့်မယ်ဆိုရင် တစ်နိုင်ငံနဲ့ တစ်နိုင်ငံမတူဘဲ မူကွဲနေကြတာကို တွေ့ရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ ပကတိအခြေအနေအရ ပေါ်များလှတဲ့နိုင်ငံတကာ ဖက်ဒရယ်မူတွေကို ဖတ်မှတ်လေ့လာပြီး တရားသေကိုင်စွဲကာ မြန်မာနိုင်ငံအတွက် ပုံတူကူးချရေးမှာ မည်သို့မျှမဖြစ်နိုင်ပါ။ ဖက်ဒရယ်စနစ်ရဲ့ မူသဘောတရားတွေကို အခြေခံပြီး မြန်မာနိုင်ငံအတွက် တကယ်အလုပ်ဖြစ်နိုင်တဲ့ ဖက်ဒရယ်စနစ်ကို ကိုယ်ပိုင်ဉာဏ်နဲ့ ချင့်ချိန်ရွေးချယ်နိုင်ကြရမှာပဲဖြစ်ပါတယ်**

> ❒ **ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရေး နိုင်ငံရေးဆွေးနွေးကြတဲ့အခါမှာလည်း စကားလုံးတစ္ဆေခြောက်မှုတွေကြောင့် ရှေ့ရောက်သင့်သလောက် မရောက်ခဲ့ရတဲ့ အခြေအနေတွေနဲ့လည်း ကြုံတွေ့ခဲ့ရပါတယ်။ ဖက်ဒရယ်စနစ်ရဲ့ မူသဘောတရားတွေကို ကြည့်မယ်ဆိုရင် “ဖက်ဒရယ်စနစ်ဆိုတာ တစ်စိတ်တစ်ဒေသကိုယ်ပိုင်အုပ်ချုပ်ခြင်းနဲ့၊ တစ်စိတ်တစ်ဒေသ အတူတကွ ပူးပေါင်းအုပ်ချုပ်ခြင်းတို့ကို ပေါင်းစပ်ထားခြင်း” ဖြစ်တယ်လို့ Elazar က ဆိုထား**

နယ်မြေဒေသကိုကိုယ်စားပြုတဲ့ ဖက်ဒရယ်စနစ် (Territorial/Regional Federalism) ဟာ ပထဝီဝင်၊ စီးပွားရေးနဲ့ အခြေခံအဆောက်အအုံ စတဲ့ အချက်တွေကို အခြေခံပြီး ဖက်ဒရယ် နယ်မြေအပိုင်းအခြားတွေကို သတ်မှတ်ပါတယ်။ ဒီစနစ်ရဲ့ အဓိကရည်ရွယ်ချက်ကတော့ နိုင်ငံသားအားလုံးရဲ့ တူညီတဲ့ နိုင်ငံသားဖြစ်မှု (common citizenship) ကို အခြေခံပြီး ဗဟိုနဲ့ ဒေသအကြား အာဏာခွဲဝေမှုကို ဆောင်ရွက်ဖို့ဖြစ်ပါတယ်။ ဒီစနစ်မှာ လူမျိုးစုကွဲပြားမှုကို အဓိကထား စဉ်းစားလေ့မရှိဘဲ လူမျိုးစုပေါင်းစုံစုစည်းနေထိုင်တဲ့ နယ်မြေဒေသအခြေအနေကို အဓိကထားစဉ်းစားပြီး နယ်မြေပိုင်းခြား သတ်မှတ်ကာ နယ်မြေဒေသအားလုံးဟာ ဗဟိုအစိုးရမှာ တန်းတူညီမျှ ကိုယ်စားပြုမှုရှိပြီး တူညီတဲ့အာဏာကို ခံစားခွင့်ရရှိတာဖြစ်ပါတယ်။

လူမျိုးကိုကိုယ်စားပြုတဲ့ ဖက်ဒရယ်စနစ် (Ethnic/Multinational Federalism) ကတော့ ဖက်ဒရယ်နယ်မြေအပိုင်းအခြားတွေကို လူမျိုးစုတွေရဲ့ နယ်မြေနဲ့ဘာသာစကားကို အခြေခံပြီး သတ်မှတ်ပါတယ်။ ဒီစနစ်ရဲ့ ရည်ရွယ်ချက်က လူမျိုးစုတစ်ခုက သူတို့ရဲ့ နယ်မြေအတွင်းမှာ လူများစုဖြစ်နေပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို ကျင့်သုံးနိုင်အောင် ဆောင်ရွက်ဖို့ဖြစ်ပါတယ်။ ဒီစနစ်မှာ လူမျိုးစုတစ်ခုရဲ့ ဘာသာစကားကို ဖက်ဒရယ်အဆင့် ဒါမှမဟုတ် နယ်မြေဒေသအဆင့်မှာ တရားဝင်ဘာသာစကားအဖြစ် အသိအမှတ်ပြုလေ့ရှိပါတယ်။

လူမျိုးကိုယ်စားပြု ဖက်ဒရယ်စနစ်ကို အကောင်အထည်ဖော်ရာမှာ အခက်ခဲဆုံးအချက်တစ်ခုက လူမျိုးစုတိုင်း သီးခြားနယ်မြေမှာ လူများစုဖြစ်နေဖို့ လိုအပ်ပြီး လက်တွေ့မှာ မဖြစ်နိုင်လောက်အောင် ခက်ခဲခြင်းပါပဲ။ မြန်မာနိုင်ငံရဲ့ လူမျိုးစုနဲ့ နယ်မြေပုံကို ကြည့်မယ်ဆိုရင် ဒီလိုသတ်မှတ်ဖို့ မဖြစ်နိုင်လောက်တဲ့အခြေအနေဆိုတာ တွေ့ရမှာဖြစ်ပါတယ်။ လူမျိုးကိုယ်စားပြု ဖက်ဒရယ်စနစ်မှာ လူမျိုးစုတစ်ခုစီရဲ့ လူဦးရေအနည်းအများပေါ်မူတည်ပြီး ဖက်ဒရယ်စနစ်ရဲ့ ဟန်ချက်ညီမှုကို ထိခိုက်စေနိုင်ပါတယ်။

စာရေးသူတို့မြန်မာနိုင်ငံမှာ နှစ်ပေါင်းများစွာ ဖက်ဒရယ်စနစ်ကိုဆွေးနွေးခဲ့ပြီး ငြိမ်းချမ်းရေးညီလာခံတွေကျင်းပလို့ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးလုပ်ငန်းစဉ်တွေကိုလည်း လုပ်ဆောင်ခဲ့ပါတယ်။ ဒီကြားထဲမှာ တချို့သော နိုင်ငံရေးပါတီတွေက လူမျိုးစုကိုအခြေခံတဲ့ ဖက်ဒရယ်စနစ်ဟာ ရှုပ်ထွေးမှုတွေ ဖြစ်စေနိုင်တာကြောင့် ဒေသကိုအခြေခံတဲ့ ဖက်ဒရယ်စနစ်ကို ထောက်ခံကြောင်း ထုတ်ဖော်ပြောဆိုထားတာတွေလည်း ရှိပါတယ်။

**တစ်နိုင်ငံနဲ့တစ်နိုင်ငံမတူဘဲ**
**မူကွဲနေကြတာကို တွေ့ရမှာဖြစ်**

ကမ္ဘာမှာ ဖက်ဒရယ်စနစ်ကျင့်သုံးတဲ့နိုင်ငံတွေကိုကြည့်မယ်ဆိုရင် တစ်နိုင်ငံနဲ့တစ်နိုင်ငံမတူဘဲ မူကွဲနေကြတာကို တွေ့ရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ ပကတိအခြေအနေအရ ပေါ်များလှတဲ့နိုင်ငံတကာ ဖက်ဒရယ်မူတွေကို ဖတ်မှတ်လေ့လာပြီး တရားသေကိုင်စွဲကာ မြန်မာနိုင်ငံအတွက် ပုံတူကူးချရေးမှာ မည်သို့မျှ မဖြစ်နိုင်ပါ။ ဖက်ဒရယ်စနစ်ရဲ့ မူသဘောတရားတွေကို အခြေခံပြီး မြန်မာနိုင်ငံအတွက် တကယ်အလုပ်ဖြစ်နိုင်တဲ့ ဖက်ဒရယ်စနစ်ကို ကိုယ်ပိုင်ဉာဏ်နဲ့ ချင့်ချိန်ရွေးချယ်နိုင်ကြရမှာပဲဖြစ်ပါတယ်။

ဒီနေရာမှာ ဆရာကျော်ဝင်းရဲ့ “ဖက်ဒရယ်မူ၊ သဘောတရားနှင့်လက်တွေ့” စာအုပ်မှာ ရေးသားထားတဲ့ “စကားလုံးတစ္ဆေ” ဆိုတဲ့ ရေးသားဖော်ပြချက်ကို ကောက်နုတ်ဖော်ပြလိုပါတယ်။ ဆရာကျော်ဝင်းရဲ့ ရေးသားဖော်ပြချက်ကတော့ “မြန်မာ့အစဉ်အလာ လူမှုနိုင်ငံရေးဓလေ့တွင် နှုန်းစံအခြေပြုစဉ်းစားနည်းများ(Normative Thinking) တွင်တွင်ကျယ်ကျယ် လွှမ်းမိုးခဲ့လေသလားစဉ်းစားဖို့ရှိသည်။ ဤစဉ်းစားနည်း၏ အကျိုးဆက်မှာ **တရားသေဝါဒ**ဖြစ်ပြီး ဖော်ပြချက်တစ်ခုမှာ စကားလုံးတစ္ဆေဖြစ်လိမ့်မည်ထင်သည်။ မြန်မာ့နိုင်ငံရေးတွင် နိုင်ငံရေးဝေါဟာရများကို မိမိနားလည်ချင်သလို နားလည်ပြီး မိမိဘာသာ ပြန်ကြောက်နေသူများ မကြာခဏတွေ့ရသည်။ ဥပမာ Union ဆိုလျှင် ပြည်ထောင်စုဟုမမြင် တစ်ပြည်ထောင်ဟု ထင်သည်မျိုး၊ အလားတူ Federal ဆိုလျှင်လည်း ခွဲထွက်လိမ့်မည်ဟု နားလည်နေသည်မျိုး၊ ဆိုကြပါစို့ စကားလုံးတစ္ဆေခြောက်မှုများ၊ အမှန်စင်စစ် ယူနီယံဖြစ်စေ၊ ဖက်ဒရယ်ဖြစ်စေ ပြည်ထောင်စုစနစ်၏ အနှစ်သာရမှာ ဗဟိုနှင့်ဒေသအာဏာခွဲဝေကျင့်သုံးမှုတွင် ရှိလိမ့်မည်ဟု သဘောရပါသည်။ စကားလုံးတစ္ဆေကို ကျော်နိုင်မှ အနှစ်သာရကို ဆုပ်မိကိုင်မိရှိပါလိမ့်မည်။” ဟူ၍ဖြစ်ပါတယ်။

အမှန်စင်စစ်မှာလည်း ဖက်ဒရယ်က ခွဲထွက်ခြင်းမဟုတ်၊ ဖက်ဒရယ်အမည်ခံပြီး ကွန်ဖက်ဒရေးရှင်းဘက်ယိမ်းနေကြမှုကြောင့်သာ ပြည်ထောင်စုတည်ဆောက်ရေးလမ်းခရီး ခက်ခဲနေရခြင်းဟု မြင်မိသည်။ ဖက်ဒရယ်ဆိုတဲ့ စကားက အဓိကလား ကျင့်သုံးမည့်စနစ်က အဓိကလားဆိုတာ ကွဲကွဲပြားပြား သိမြင်ဖို့လိုသည်။ ဖက်ဒရယ်နိုင်ငံကြီးတွေဖြစ်တဲ့ အမေရိကန်ပြည်ထောင်စုနဲ့ အိန္ဒိယနိုင်ငံတွေရဲ့ အခြေခံဥပဒေတွေကို လေ့လာကြည့်ပါ။ ဖက်ဒရယ်(Federal)ဆိုတဲ့စကားလုံးကို တွေ့ရဖို့ ခက်ပါလိမ့်မယ်။ ဒါပေမယ့် ပြည်ထောင်စု (Union) ဆိုတဲ့စကားလုံးနဲ့ ပြည်ထောင်စုစနစ်ရဲ့အနှစ်သာရကိုဖော်ဆောင်သွားတာဖြစ်ပါတယ်။

ချုပ်ပြီးပြောရမယ်ဆိုရင် နိုင်ငံတော်သမ္မတကြီး အနေနဲ့ မြန်မာနိုင်ငံနဲ့ လိုက်လျောညီထွေဖြစ်မယ့် ဖြစ်နိုင်ခြေရှိတဲ့ ပေးထားချက်ကို ပေးခဲ့တာဖြစ်တယ်။ ဒါကိုဘယ်လိုညှိနှိုင်းအဖြေရှာကြမလဲဆိုတာမစဉ်းစားဘဲ စကားလုံးတစ္ဆေခြောက်ပြီး တရားသေဝါဒကိုပဲ ဆုပ်ကိုင်ထားမယ်ဆိုရင်တော့ ပြည်ထောင်စုတည်ဆောက်ရေးခရီးလမ်းဟာ အလှမ်းဝေးကွာနေမှာဖြစ်တဲ့အတွက် စကားလုံးတစ္ဆေတွေနဲ့ တရားသေအန္တရာယ်ထဲက ရုန်းထွက်ကာ ပြည်ထောင်စုကြီးကို တည်ဆောက်နိုင်ကြပါစေကြောင်း ဆုတောင်းလိုက်ပါရစေ။ ။



## နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေး ဗဟိုကော်မတီမှ စိစစ်အတည်ပြုပြီးသူများအား တစ်ဦးချင်းတွေ့ဆုံ

**နေပြည်တော် ဇွန် ၂၄**

မြန်မာနိုင်ငံတွင် နိုင်ငံခြားသားအမြဲနေထိုင်ခွင့် လျှောက်ထားသူများနှင့် ပတ်သက်၍ နိုင်ငံခြားသား အမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည် ဖော်ရေးဗဟိုကော်မတီမှ စိစစ်အတည်ပြုပြီးသူများ အား လူတွေ့မေးမြန်းအကဲဖြတ်ခြင်းကို ယနေ့နံနက် ၉ နာရီခွဲက နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ပြုခြင်း ဆိုင်ရာ အကောင်အထည်ဖော်ရေးဗဟိုကော်မတီ ဥက္ကဋ္ဌ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ ဝန်ကြီးဌာနများမှ ဗဟိုကော်မတီဝင်များနှင့် ကိုယ်စား လှယ်များ၊ တာဝန်ရှိသူများ၊ လူတွေ့မေးမြန်း အကဲဖြတ်ခံကြမည့် နိုင်ငံခြားသားများ တက်ရောက် ကြသည်။

### ရှင်းလင်းတင်ပြ

ဦးစွာ ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး က လူတွေ့မေးမြန်းအကဲဖြတ်ခြင်း မဆောင်ရွက်မီ ဗဟိုကော်မတီဝင်များနှင့် တွေ့ဆုံအမှာစကား ပြောကြားပြီး ဗဟိုကော်မတီ အတွင်းရေးမှူးကိုယ်စား လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ချုပ်က နိုင်ငံခြားသား အမြဲနေထိုင်ခွင့် လျှောက်ထား သူများအား လူတွေ့မေးမြန်းအကဲဖြတ် ဆောင်ရွက် မည့် အစီအစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြ သည်။

### ပြန်လည်စိစစ်ရန်ဆုံးဖြတ်

ထို့နောက် ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စု ဝန်ကြီးနှင့် ဗဟိုကော်မတီဝင်များသည် ဗဟို ကော်မတီမှစိစစ်အတည်ပြုပြီးဖြစ်သည့် ကျွမ်းကျင် ပညာရှင်တစ်ဦး၊ ရင်းနှီးမြှုပ်နှံသူတစ်ဦး၊ မြန်မာနိုင်ငံ သားဟောင်း ၁၅ ဦး၊ ၎င်းတို့နှင့် သွေးချင်းဆက်စပ် သည့် နိုင်ငံခြားသားခုနစ်ဦး စုစုပေါင်း ၂၄ ဦးကို တစ်ဦးချင်းတွေ့ဆုံကာ အကဲဖြတ်အတည်ပြုခြင်း၊ ပြန်လည်စိစစ်ရန် ဆုံးဖြတ်ခြင်းတို့ ဆောင်ရွက်ကြ သည်။

ယင်းသို့ နိုင်ငံခြားသားအမြဲနေထိုင်ခွင့်စနစ် အတွက် လူတွေ့မေးမြန်းအကဲဖြတ်ခြင်း လုပ်ငန်း စိစစ်အတည်ပြုပြီးပါက အထက်အဆင့်ဆင့်သို့ တင်ပြကာ အတည်ပြုခွင့်ပြုသူများအား နေထိုင်ခွင့် လက်မှတ်နှင့် ကတ်ပြားများထုတ်ပေးနိုင်ရေးအတွက် ဌာန၏လုပ်ငန်းစဉ်များအတိုင်း ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## အဆောက်အဦများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေး ကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇွန် ၂၄**

အဆောက်အဦများ ပြန်လည် ပြုပြင်အသုံးပြုရေးနှင့် အသစ် တည်ဆောက်ရေး ကြီးကြပ်မှု ကော်မတီ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၄/၂၀၂၆) ကို နေပြည်တော် ဆောက်လုပ်ရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ကော်မတီ ဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က မန္တလေးငလျင်ကြီး ကြောင့် ပျက်စီးသွားသော နိုင်ငံပိုင် ရုံးအဆောက်အဦ၊ အထူး အဆောက်အဦများနှင့် နိုင်ငံ့ ဝန်ထမ်းအိမ်ရာများကို ၂၀၂၆- ၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ရာနှုန်း ပြည့် ဆောင်ရွက်ပြီးစီးစေရေး အလေးထား ဆောင်ရွက်ပေးရန် တိုက်တွန်းလိုပါကြောင်း၊ လုပ်ငန်း ပိုင်းဆိုင်ရာ အခက်အခဲနှင့် နည်းပညာဆိုင်ရာ အခက်အခဲများ ရှိပါက အချိန်နှင့်တစ်ပြေးညီ ပေါင်းစပ် ဆောင်ရွက်ပေးသွား မည်ဖြစ်ပါကြောင်း ပြောကြား သည်။

ထို့နောက် ကော်မတီအဖွဲ့ဝင် များဖြစ်သော နေပြည်ကောင်စီ ဥက္ကဋ္ဌ ဦးကံမြင့်သန်းနှင့် စစ်ကိုင်း တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးကိုလေးတို့က အမှာစကား ပြောကြားကြသည်။

ယင်းနောက် တက်ရောက် လာကြသူများ၏ ငလျင်ကာလ အလွန် ပြန်လည်ထူထောင်ရေး အတွက် ဌာနအလိုက် အကောင် အထည်ဖော် ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များ၊ လုပ်ငန်းပြီးစီးမှု နှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေး အကြံပြုတင်ပြမှုများ အပေါ် ကော်မတီဥက္ကဋ္ဌက လုပ်ငန်း လိုအပ်ချက်များကို ပေါင်းစပ် ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရ သည်။

**သတင်းစဉ်**



## ဒေါပုံမြို့နယ်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ဟောပြော

**ရန်ကုန် ဇွန် ၂၄**

ဒေါပုံမြို့နယ်၌ ကျောင်းသား ကျောင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာ ပေးခြင်းကို လူထုအခြေပြုဗဟိုဌာန၌ ယမန်နေ့က ဆောင်ရွက်ရာ အမှတ်(၃၁) ယာဉ်ထိန်းရဲတပ်ဖွဲ့စု(ဒေါပုံ) မှ ဒုတိယရဲမှူး အောင်မြင့်ထွန်းက ကျောင်းသားလူငယ်များအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ပတ်သက်သည့် အကြောင်းအရာများကို ဟောပြောကာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့သည်။

**ချစ်စုဝေ(ပြန်/ဆက်)**

## သစ်အခြေခံစက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဇွန် ၂၄**

သစ်အခြေခံစက်မှုလုပ်ငန်းဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာ ဆွေးနွေးပွဲ ကို ယမန်နေ့မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး ပတ်ဝန်း ကျင် ထိန်းသိမ်းရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပ သည်။

ဆွေးနွေးပွဲတွင် သယံဇာတ နှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ သောင်းနိုင်ဦးက သစ်အခြေခံ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ ကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍ ဟန်ချက်





ညီရန် အရေးကြီးကြောင်း၊ ထို့အတူ ပုဂ္ဂလိကအခန်းကဏ္ဍ ပိုမို အားကောင်းလာရန် လိုအပ် ကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေ ဖြင့် သစ်အခြေခံ စက်မှုလုပ်ငန်း များ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အားပေးကူညီခြင်း၊ ခေတ်စနစ် နှင့်အညီ လုပ်ထုံးလုပ်နည်းများ ဖြေလျှော့ခြင်းတို့ကို ဆောင်ရွက် ပေးခဲ့ကြောင်း ဆွေးနွေးပြောကြား ပြီး တက်ရောက်လာကြသူများ ၏ ဆွေးနွေးတင်ပြမှုများအပေါ် လုပ်ငန်းဆိုင်ရာများ မှာကြား သည်။

ထို့နောက် အလုံမြို့မ အမြဲတမ်း ပျိုးဥယျာဉ်ကို သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရ သည်။

**သတင်းစဉ်**



## သရက်ချောင်းမြို့နယ်၌ ဆင်းသုခမျိုးစပါး၊ ဓာတ်မြေဩဇာနှင့် လက်ဆွဲမျိုးစေ့ချကိရိယာပေးအပ်

**သရက်ချောင်း ဇွန် ၂၄**

သရက်ချောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့ နံနက်ပိုင်းက မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး စံပြကျေးရွာရှိ အကျိုး ဆောင်တောင်သူများအား ဆင်းသုခမျိုးစပါး၊ ဓာတ်မြေဩဇာနှင့် မိုးစပါး စိုက်ပျိုးသည့် တောင်သူများအား လက်ဆွဲမျိုးစေ့ချကိရိယာ ပေးအပ်ပွဲ ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခေတ္တအုပ်ချုပ်ရေး မှူး ဦးသိန်းဇော်က အမှာစကားပြောကြားပြီး တာဝန်ရှိသူများက တောင်သူများအား မျိုးစပါး၊ ဓာတ်မြေဩဇာနှင့် လက်ဆွဲမျိုးစေ့ချ ကိရိယာများ ပေးအပ်ခဲ့သည်။

**ပြည့်ဖြိုးပိုင်(ပြန်/ဆက်)**

## ကျောက်တံခါးမြို့နယ်၌ အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ကို ကြိုဆိုသောအားဖြင့် မျိုးနှင့်သွင်းအားစုများ ပေးအပ်

**ကျောက်တံခါး ဇွန် ၂၄**

(၁၀၄)နှစ်မြောက် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ကို ကြိုဆိုဂုဏ်ပြု သောအားဖြင့် ကျောက်တံခါးမြို့နယ်၌ သမဝါယမအသင်းများအား မျိုးနှင့် သွင်းအားစုများ ပေးအပ်ပွဲကို ယမန်နေ့က မင်းတန်း စိုက်ပျိုးရေး နှင့် အထွေထွေသမဝါယမအသင်း၌ ကျင်းပရာ မြို့နယ်စိုက်ပျိုးရေးဦးစီး ဌာန ဒုတိယဦးစီးမှူး ဦးအောင်ဝင်းက အမှာစကားပြောကြားပြီး တာဝန် ရှိသူများက အသင်းခြောက်သင်းမှ မိုးစပါးစိုက်ဧက ၁၅၀၀ အတွက်



အသင်းသားတောင်သူ ၂၀၀ ထံသို့ မျိုးနှင့် သွင်းအားစုများ ထောက်ပံ့ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မျိုးမင်း(ပြန်/ဆက်)**

**နိုင်ငံသာယာဝပြောဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့။**



ဂန့်ဂေါခရိုင်အတွင်း နိုင်ငံ့ဝန်ထမ်းများအတွက် ရိက္ခာနှင့် ပစ္စည်းများ ပေးအပ်ပွဲကို ဇွန် ၂၃ ရက်က ဂန့်ဂေါမြို့ မြစ်သာခန်းမ၌ ကျင်းပရာ စားရေရိက္ခာများနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ရန်ပုံငွေများကို တာဝန်ရှိသူများက ပေးအပ်စဉ်။ မောင်မျိုးမင်း(ပြန်/ဆက်)



## နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဦးကံမြင့်သန်း ပုဗ္ဗသီရိမြို့သို့ ရေကူပေးပို့သည့် ပိုက်လိုင်းအစားထိုးသွယ်တန်းခြင်းလုပ်ငန်းခွင် ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၂၄**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဦးကံမြင့်သန်းသည် ဒုတိယမြို့တော်ဝန်နှင့်အတူ ယနေ့နံနက်ပိုင်းက ပုဗ္ဗသီရိမြို့ သောက်သုံးရေပေးဝေရေးအတွက် ချောင်းမကြီးဆည်မှ ပုဗ္ဗသီရိမြို့သို့ ရေကူပေးပို့သည့် ပိုက်လိုင်းကို OD – 450mm HDPE ပိုက်ပေ ၉၀၀၀ အစားထိုးသွယ်တန်းခြင်းလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ချောင်းမငယ်ဆည်မှရေကို ဆင်အုံကန်မှတစ်ဆင့် တစ်ရက်ရေဂါလန် ခြောက်သန်းရယူ၍ သန့်စင်ဖြန့်ဝေပေးမည့် နေသိဒ္ဓိရေစက်ရုံတွင် လုပ်ငန်းလည်ပတ်နိုင်ရေးဆောင်ရွက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မြစ်ကြီးနားမြို့ ပလန(၃) အင်ကြင်းမြိုင်ကျေးရွာ၌ စုပေါင်းသစ်ပင် စိုက်ပျိုးပွဲ ကျင်းပ

**မြစ်ကြီးနား ဇွန် ၂၄**

စတုတ္ထအကြိမ် ကချင်ပြည်နယ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့တွင် မြစ်ကြီးနားမြို့ ပလန (၃) အင်ကြင်းမြိုင်ကျေးရွာ အခြေခံပညာမူလတန်း ကျောင်းဝင်းအတွင်း၌ ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က အမှာစကားပြောကြားပြီး ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ပြည်သူများ၊ ကြက်ခြေနီတပ်ဖွဲ့၊ အရပ်ဘက်လူမှုကူညီရေး အသင်းအဖွဲ့များနှင့်အတူ ပျိုးပင်များကို တပျော်တပါး စုပေါင်းစိုက်ပျိုးကြသည်။ **(အောက်ပုံ)**

ထို့နောက် ရွှေပြည်သာရပ်ကွက်အတွင်း နေရာချထားပေးခဲ့သော ရှမ်းမျိုးနွယ်စုများ ယာယီတိမ်းရှောင် စခန်းများအတွင်း မိုးအဆက်မပြတ် ရွာသွန်းခဲ့သဖြင့် နန်းကွေ့ချောင်းရေ မြင့်တက်လာပြီး ရေဝင်ရောက်ခဲ့သဖြင့် အခက်အခဲဖြစ်ပေါ်နေသော အိမ်ထောင်စုများကို သွားရောက်တွေ့ဆုံအားပေးစကား ပြောကြားပြီး ထောက်ပံ့ငွေများ ပေးအပ်ကာ လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



## မိုးကောင်းမြို့နှင့် ဟုမ္မလင်းမြို့နယ်အတွင်း ရေကြီးမှု သတိပေးချက်

**နေပြည်တော် ဇွန် ၂၄**

ယနေ့နံနက် ၀၆:၃၀ အချိန် တိုင်းထွာချက်အရ နန့်ယင်းချောင်းရေသည် မိုးကောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ကျော် ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း သုံးလက်မခန့်ကျဆင်းနိုင်ကာ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

နန့်ကောင်းချောင်းရေသည် မိုးကောင်းမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခန့် ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း သုံးလက်မခန့်ကျဆင်းနိုင်ကာ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးကောင်းမြို့နယ်အတွင်းရှိ ချောင်းကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

ယနေ့မွန်းလွဲ ၁၂:၃၀ အချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေခွဲကျော်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၃၆ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဟုမ္မလင်းမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**



## ဖျာပုံမြို့နယ်၌ ကျေးရွာမြေငှားဂရန် ထုတ်ပေးနိုင်ရေး ဆောင်ရွက်

**ဖျာပုံ ဇွန် ၂၄**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်အတွင်း မြေငှားဂရန်ထုတ်ပေးနိုင်ရေးအတွက် မြို့နယ်များတွင် ကျေးရွာမြေငှားဂရန်ထုတ်ပေးနိုင်ရေး ယမန်နေ့က ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်အတွင်းရှိ ကျေးရွာမြေငှားဂရန်ထုတ်ပေးနိုင်ရေး ရွေးချယ်ထားသည့် ချောင်းတွင်းကျေးရွာ ဧရိယာ ၁၈ ဒသမ ၃၄ ဧကရှိ မြေနေရာအား ဖျာပုံမြို့နယ် မြေစာရင်းဦးစီးဌာနမှ ဝန်ထမ်းများ၏ ကျေးရွာမြေတိုင်းတာမှုများကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမောင်မောင်ဝင်း (နယ်နိမိတ်သတ်မှတ်ရေးအရာရှိ) နှင့် ဖျာပုံမြို့နယ် မြေစာရင်းဦးစီးဌာနမှူးတို့က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**

## ဘိုကလေးမြို့နယ်၌ မိုးစပါးရာသီ သွင်းအားစုဓာတ်မြေသြဇာများ ထောက်ပံ့ပေးအပ်

**ဘိုကလေး ဇွန် ၂၄**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်၌ ၂၀၂၆–၂၀၂၇ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီ သွင်းအားစုဓာတ်မြေသြဇာများ ထောက်ပံ့ပေးအပ်ပွဲကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဇော်ဝင်းလှိုင်က အမှာစကားပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက ဘိုကလေးမြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေအစီအစဉ်ဖြင့် ဧက ၅၀၀၀ တွင် ပါဝင်ဆောင်ရွက်ကြမည့် တောင်သူများအား သွင်းအားစုဓာတ်မြေသြဇာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မိုးစက်(ဘိုကလေး)**



**ထာဝရကုသိုလ်ရယူဖို့၊ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့။**

## လယ်ဝေးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ဥပဒေဆိုင်ရာနှင့် ယာဉ်စည်းကမ်းဆိုင်ရာ အသိပညာပေး

**နေပြည်တော် ဇွန် ၂၄**

ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ယနေ့နံနက်ပိုင်းက ဥပဒေအကြောင်းသိကောင်းစရာနှင့် ယာဉ်စည်းကမ်းလမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်သည်။



အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်သူရက အမှာစကားပြောကြားပြီး တာဝန်ရှိသူများက ယာဉ်စည်းကမ်း လမ်းစည်းကမ်းများနှင့် ပတ်သက်၍လည်းကောင်း၊ လိုက်နာဆောင်ရွက်ရေး ဥပဒေအကြောင်း သိကောင်းစရာများနှင့် ပတ်သက်၍လည်းကောင်း ကျောင်းသား ကျောင်းသူများအား ရှင်းလင်းပြောကြားသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဇေယျာသီရိမြို့နယ်၌ အခွန်ဆိုင်ရာ အသိပညာပေး

**နေပြည်တော် ဇွန် ၂၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ်အတွင်းရှိ အခွန်ထမ်းများအား အခွန်ဆိုင်ရာ အသိပညာတိုးတက်ရေးနှင့် အခွန်တာဝန် လေးစားလိုက်နာမှုတိုးတက်ရေး ရှင်းလင်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ဇေယျာသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အဆင့် ဌာနဆိုင်ရာများ တက်ရောက်သည်။



ဆွေးနွေးပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားကာ ပြည်ထောင်စုနယ်မြေ အခွန်ဦးစီးဌာနမှူးရုံး ဒုတိယ ညွှန်ကြားရေးမှူးက ကောက်ခံလျက်ရှိသော အခွန်အမျိုးအစားများ အကြောင်းကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသည့် အခွန်ထမ်းပြည်သူများ၏ သိရှိလိုသည့် မေးမြန်းချက်များကို ပြန်လည်ဖြေကြားပေးခဲ့သည်။

**ထွန်းလင်း(ဇေယျာမြေ)**

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ဌာနချုပ်ရုံး (နေပြည်တော်)
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ကချင်ပြည်နယ်)
(၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ကယားပြည်နယ်)
(၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
(၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
(၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ရခိုင်ပြည်နယ်)
(၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ရှမ်းပြည်နယ်)
(၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

## တတိယအကြိမ် ကရင်ပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ကျင်းပ



ဘားအံ ဇွန် ၂၄

တတိယအကြိမ် ကရင်ပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ဘားအံမြို့ အမှတ်(၄)ရပ်ကွက်ရှိပြည်နယ်လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် နှစ်ဦးက ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကြယ်ပွင့်ပြမေးခွန်းလေးခုကို မေးမြန်းဆွေးနွေးပြီး သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားကြသည်။

ထို့နောက် ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ကရင်ပြည်နယ် ရေချိုငါးလုပ်ငန်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို အတည်ပြုနိုင်ရန် ပြည်နယ်လွှတ်တော်သို့ တင်သွင်းပြီး ယင်းဥပဒေကြမ်းကို ပြည်နယ်လွှတ်တော်၏ အဆုံးအဖြတ်ဖြင့် အတည်ပြုသည်။

ယင်းနောက် အစိုးရအဖွဲ့၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များဆိုင်ရာ ကော်မတီတွင် ကော်မတီဝင်တစ်ဦး ထပ်မံဖြည့်စွက်တာဝန်ပေးအပ်ခြင်းနှင့် စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်၏ အဆုံးအဖြတ်ဖြင့် အတည်ပြုခြင်း၊ ဘားအံမြို့နယ် လွှတ်တော်ကိုယ်စားလှယ် အမှတ်(၂) ဦးအောင်မြင့်သိန်းကို ကော်မတီဝင်အဖြစ် တာဝန်ပေးအပ်ခြင်းတို့ကို ဆောင်ရွက်သည်။

ဆက်လက်၍ ပြည်သူတို့၏ တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာ စိစစ်ရေးကော်မတီ၏ လုပ်ပိုင်ခွင့်များနှင့် စပ်လျဉ်း၍ စကားရပ် အစားထိုးခြင်းကို ပြည်နယ်လွှတ်တော်၏ အဆုံးအဖြတ်ဖြင့် အတည်ပြုပြီး ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက အစည်းအဝေး ပဉ္စမနေ့ကို ရပ်နားကြောင်းနှင့် တတိယအကြိမ် ကရင်ပြည်နယ် လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ကျင်းပပြီးစီးကြောင်း ကြေညာသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## ပွင့်ဖြူမြို့၌ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး ဟောပြော

ပွင့်ဖြူ ဇွန် ၂၄

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယမန်နေ့က အမှတ်(၂) အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျောင်းသား ကျောင်းသူများ မူးယစ်ဆေးဝါးအန္တရာယ်ကင်းဝေးစေရန် အသိပညာပေးဟောပြောပွဲ ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဇင်မာအောင်က မူးယစ်ဆေးဝါးသုံးစွဲခြင်း၏ ဆိုးကျိုးများနှင့် ပြစ်မှုပြစ်ဒဏ်များကို အသိပညာပေးဆွေးနွေးသည်။

ထို့နောက် မူးယစ်ဆေးဝါးအန္တရာယ် ပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးပြီး မူးယစ်ဆေးဝါးသုံးစွဲခြင်း၏ ဆိုးကျိုးများပါဝင်သော အသိပညာပေး နံရံကပ်စာစောင်များကို ကျောင်းသား ကျောင်းသူများက လေ့လာဖတ်ရှုခဲ့ကြောင်း သိရသည်။ **လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**



## နွားထိုးကြီးမြို့နယ်၌ မှိုစိုက်ပျိုးနည်းသင်တန်းဖွင့်

နွားထိုးကြီး ဇွန် ၂၄

နွားထိုးကြီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၌ မှိုစိုက်ပျိုးရေးသင်တန်းကို ယမန်နေ့က ဖွင့်လှစ်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ဦးစီးမှူး ဒေါ်ဝတ်မှုံသိန်းက မှိုစိုက်ပျိုးနည်း နည်းပညာများကို ရှင်းလင်းဆွေးနွေးပြီး ဒုတိယဦးစီးမှူး ဦးစိုးမင်းနိုင်က မှိုစိုက်ပျိုးနည်း လက်တွေ့ပြုလုပ်ရခြင်း ကုန်ကျစရိတ်နှင့် အကျိုးအမြတ်အကြောင်းကို ရှင်းလင်းဆွေးနွေးကာ တက်ရောက်လာသည့် သင်တန်းသားများက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအတွင်း စိုက်ပျိုးထားသည့် မှိုစိုက်ပျိုးပေါင်ကို ကြည့်ရှုခဲ့ကြောင်း သိရသည်။ **တင့်လွင်ဦး**



## ဥတ္တရသီရိမြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေးဆွေးနွေး



နေပြည်တော် ဇွန် ၂၄

ပြည်ထောင်စုနယ်မြေ နေပြည်တော် သီရိ(၅)မြို့နယ် အခွန်ဦးစီးဌာနမှူးရုံးအနေဖြင့် ဥတ္တရသီရိမြို့နယ်ရှိ လုပ်ငန်းရှင်များအား အခွန်ဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ဥတ္တရသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်သက်သဉ္ဇာနွယ်က အခွန်ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

အဆိုပါဆွေးနွေးပွဲသို့ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် အခွန်ထမ်းလုပ်ငန်းရှင် စုစုပေါင်း ၉၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။ **အောင်မျိုးဝင်း(ဥတ္တရ)**

❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card ၊ Mobile Payment Account ၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# သက်ရှည်ကျန်းမာနေထိုင်ဖို့ ဆီစားသုံးမှု လျှော့ချစို့

**ပီပီအိုင်ဘီ**

ကျွန်တော်တို့ မြန်မာလူမျိုးတို့၏ မီးဖိုချောင်ထဲတွင် ဆန်နှင့်ဆီသည် အဓိကကျသော စားသောက်ကုန်ပစ္စည်းများဖြစ်သည်။ ဆန်မှာ ပထမဖြစ်ပြီး ဆီမှာ ဒုတိယနေရာတွင်ရှိသည်။ ဆန်ကို ထမင်းအဖြစ်သာ ချက်ပြုတ်စားသုံးကြသော်လည်း ကျွန်တော်တို့၏ နေ့စဉ်လူမှုဘဝ စားသောက်မှုပုံစံတွင် နံနက်စာ၊ နေ့လယ်စာ၊ ညစာအပြင် အခြားသရေစာအမျိုးမျိုးကို စားသုံးကြရာ၌ စားသုံးဆီတစ်မျိုးမျိုးအား ထည့်သွင်းစားသုံးနေကြလျက်ရှိသည်ကို တွေ့ရှိနိုင်ပါသည်။ ဆီကို ဟင်းလျာများ ချက်ပြုတ်ခြင်း၊ ကြော်လှော်ခြင်း၊ အသုပ်အမျိုးမျိုးနှင့် ငါးခြောက်ဖုတ်တို့ကဲ့သို့သော အစားအစာများတွင် ဆီစိမ်ခြင်း၊ ဆီဆမ်းခြင်းနှင့် ဆီကျက်ချက်၍ထည့်ခြင်း စသည်ဖြင့် ပြုလုပ်စားသုံးကြသည်ကို တွေ့ရှိနိုင်ပါသည်။ ထိုသို့ ဆီကို အစားအစာမျိုးစုံ ပြုလုပ်စားသုံးနေကြလျက်ရှိရာ ဆီ၏ သဘောသဘာဝများကို သေချာစွာ မသိဘဲ အတိုင်းအဆမရှိ စားသုံးနေကြသည်ကိုလည်း တွေ့ရှိနေရသည်။

**“ဆီစားလို့ အသားမဖြစ်၊ ဆီစားများလျှင် ဘေးဖြစ်တတ်သည်၊ ဆီကိုရှောင် အိုတောင်နုပျိုဆဲ”ဟူသော ကျန်းမာရေးဆောင်ပုဒ်တို့ကို အစဉ်သတိချပ်ကြရန် လိုအပ်ပါသည်။ အဆီအနှစ်များနှင့် ဆီကြော်အစားအစာများကို မကြာခဏ စားသုံးခြင်းသည် အဝလွန်အဆီပိုစေရုံမျှမက ဦးနှောက်ကိုပင် ထိခိုက်စေနိုင်ပြီး ယနေ့ ကမ္ဘာ့လူသားများကို ခြိမ်းခြောက်နေသည့် မကူးစက်တတ်သော ရောဂါများဖြစ်ကြသည့် နှလုံး၊ နှလုံးသွေးကြောရောဂါအမျိုးမျိုး၊ သွေးတိုး၊ ဆီးချို၊ လေငန်းရောဂါများကို ဖြစ်စေနိုင်ပါသည်။ အဆိုပါ အစားအစာများ စားသုံးခြင်းကို တတ်နိုင်သမျှလျှော့ချခြင်းဖြင့် ကျန်းမာရေးနှင့် ညီညွတ်သော လူမှုဘဝကို ရရှိပိုင်ဆိုင်နိုင်မည်”**

**ဆီမပါဟင်းမဖြစ်၊ ဆီရွှဲ ဖွဲတောင်ဟင်းဖြစ်သည်** ဆိုသကဲ့သို့ပင် နေ့စဉ်နေ့တိုင်း ဆီကို ပမာဏတစ်ခုအထိ စားသုံးလျက်ရှိကြရာ **တန်ဆေး လွန်ဘေး** ဆိုသည့်အတိုင်း ဆီကို ချင့်ချိန်စားသုံးခြင်းဖြင့် ကျွန်တော်တို့၏ ကျန်းမာရေးကို အကျိုးပြုမည်ဖြစ်သည်။ ကျွန်တော်တို့ နေ့စဉ်စားသုံးနေသော ဆီများကို ခွဲခြားကြည့်ပါက အခြေခံအားဖြင့် (၁) ကျန်းမာရေးအရ သင့်တင့်စွာ စားသုံးနိုင်သည့် မပြည့်ဝဆီများ (Unsaturated Fats)၊ (၂) တတ်နိုင်သမျှလျှော့၍ စားသုံးသင့်သည့် ပြည့်ဝဆီများ (Saturated Fats)နှင့် (၃) လုံးဝမစားသုံးသင့်သော အသွင်ပြောင်းဆီများ (Trans Fats) ဟူ၍ သုံးမျိုးရှိသည်ကို တွေ့ရှိနိုင်သည်။

မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီ အစရှိသည့် (Vegetable Oil)တို့သည် မပြည့်ဝဆီများတွင် ပါဝင်ပြီး အသင့်အတင့်စားသုံးပါက မိမိတို့ခန္ဓာကိုယ်အတွက် အကျိုးပြုသည်ကို တွေ့ရှိရသည်။ မပြည့်ဝဆီများကို သင့်တင့်စွာ စာသုံးခြင်းဖြင့် ကျန်းမာရေးအရ ကောင်းမွန်သော သွေးတွင်းအဆီဓာတ် (HDL)တို့ကို မြင့်တက်စေပြီး မကောင်းသော အဆီဓာတ် (LDL)တို့ကို လျှော့ချပေးနိုင်သဖြင့် နှလုံးရောဂါနှင့် ဆီးချိုရောဂါ စသောမကူးစက်နိုင်သည့် ရောဂါများ ဖြစ်ပွားနိုင်ခြေကို လျော့နည်းစေနိုင်ကြောင်း ပညာရှင်များက သုတေသနပြုဖော်ထုတ်ထားသည်ကို တွေ့ရှိရသည်။

စားအုန်းဆီ၊ ဆီကြော်အစားအစာများ၊ တိရစ္ဆာန်မှရသောအဆီများ စသည်တို့သည် တတ်နိုင်သမျှလျှော့စားသင့်သော ပြည့်ဝဆီများဖြစ်ပြီး ၎င်းကို စားသုံးခြင်းကြောင့် မကောင်းသော သွေးတွင်းအဆီဓာတ် (LDL)များ လွန်ကဲစွာ မြင့်တက်စေ၍ အဝလွန်ရောဂါ၊ အသည်းအဆီဖုံးရောဂါ၊ လေးဖက်နာရောဂါ၊ သွေးကြောနံရံတွင် အဆီများကပ်ခဲ၍ သွေးကြောများကျဉ်းကာ နှလုံးသွေးကြောပိတ်ရောဂါနှင့် လေဖြတ်ရောဂါတို့ကို ဖြစ်စေနိုင်ကြောင်း လေ့လာဖော်ထုတ်ထားသည်ကို တွေ့ရှိရသည်။

အသင့်စား အစားအစာများဖြစ်သည့် အာလူးကြော်၊ ကြက်ကြော်၊ ကိတ်မုန့်၊ ပေါင်မုန့် စသည်တို့တွင် ပါဝင်သည့် ဆီများသည် လုံးဝမစားသုံးသင့်သော အသွင်ပြောင်းဆီများဖြစ်သည်။ အသွင်ပြောင်းဆီဆိုသည်မှာ အစားအသောက်များကို ပိုမိုတာရှည်ခံ၍ အရသာရှိစေရန် ပုံမှန်အသုံးပြုသောဆီတွင် ဟိုက်ဒရိုဂျင်ဓာတ် ထည့်ပေါင်းထားသော ဆီဖြစ်သည်။ အသွင်ပြောင်းဆီကို စားသုံးခြင်းကြောင့် မကောင်းသော သွေးတွင်းအဆီဓာတ် (LDL)များ လွန်ကဲစွာမြင့်တက်စေပြီး အဝလွန်ရောဂါ၊ အသည်းအဆီဖုံးရောဂါ၊ လေးဖက်နာရောဂါ၊ နှလုံးသွေးကြောပိတ်ရောဂါနှင့် လေဖြတ်ရောဂါတို့ကို ဖြစ်စေနိုင်သည့် အပြင် သွေးတွင်းဆီ (Triglycerides)များကို ပိုမို၍ တက်စေခြင်း၊ ကောင်းမွန်သော သွေးတွင်းအဆီဓာတ်(HDL)ကို ကျစေခြင်းနှင့် ခန္ဓာကိုယ်အတွင်း ရောင်ရမ်းမှုများကိုပါ ဖြစ်ပေါ်စေနိုင်ကြောင်း သိရသည်။

**ဆီကို ပိုမိုစားသုံးခြင်းသည် အချိန်အတိုင်းအတာအားဖြင့် တစ်ခဏတွင်း မသိနိုင်သော်လည်း ရေရှည်စားသုံးမိပါက နှလုံးရောဂါ၊ နှလုံးသွေးကြောပိတ်ရောဂါ၊ သွေးတိုး၊ ဆီးချို၊ အသည်းအဆီဖုံးခြင်းကဲ့သို့ ရောဂါဝေဒနာများ ရရှိနိုင်သည်။ သို့ဖြစ်၍ ဆီစားသုံးမှုကို တတ်နိုင်သမျှ လျှော့ချရန်နှင့် ဆီစားသုံးမှုပုံစံကို ပြောင်းလဲကျင့်သုံးရန် လိုအပ်**

သို့သော် ကျွန်တော်တို့အနေဖြင့် **ဆီမပါဟင်းမဖြစ်**ဟူသည့်အတိုင်းပင် ဆီစားသုံးမှုဓလေ့မှာ ထွန်းကားနေဆဲဖြစ်သည်။ နေ့စဉ်အစားအစာများ ကြော်လှော်ချက်ပြုတ် ပြင်ဆင်ရာတွင် ဆီသည် မရှိမဖြစ် ပါဝင်နေဆဲဖြစ်သည်။ လက်ဖက်သုပ်စားလျှင်ပင်ဖြစ်စေ၊ ငါးခြောက်ဖုတ်လျှင်ပင်ဖြစ်စေ ဆီရွှဲရွှဲဆမ်း၍ စားကြဆဲဖြစ်သည်။ ဆီကို ထိုကဲ့သို့စားသုံးကြရာတွင် နေကြာဆီ၊ မြေပဲဆီ၊ နှမ်းဆီ၊ စားအုန်းဆီများကို လူအများစု စားသုံးနေကြသည့်အတွက် စားသုံးဆီများကို ကျန်းမာရေးအရ သင့်တင့်စွာသာ စားသုံးသင့်ပါသည်။ ပြည့်ဝဆီအုပ်စုတွင် ပါဝင်သည့် စားအုန်းဆီ၊ ပြန်ကြော်ဆီများဖြင့် ကြော်လှော်သည့် အာလူးကြော်၊ စမူဆာ၊ ပဲကပ်ကြော် စသည်တို့ကို လွန်ကဲစွာ စားသုံးမှုကို ဆင်ခြင်သင့်သည်။

ကျွန်တော်တို့၏ လူ့ခန္ဓာကိုယ်တွင် စွမ်းအင်အတွက် ဆီ၊ အဆီဓာတ်လိုအပ်ပါသည်။ သို့ရာတွင် အဆီမှရသော ကယ်လိုရီသည် ၁၀ ရာခိုင်နှုန်းထက် မပိုသင့်ဟု အာဟာရပညာရှင်တို့က ဆိုထားသည်ကို လေ့လာတွေ့ရှိနိုင်ပါသည်။ သာမန်အားဖြင့် လူတစ်ဦးချင်း၏ ကျန်းမာရေးနှင့် ညီညွတ်စေရန် တွက်ချက်လျှင် တစ်ရက် စားသုံးဆီ ၂ ဒသမ ၂၅ ကျပ်သားခန့်သာ စားသုံးသင့်ကြောင်း တွေ့ရှိရသည်။ ထိုနှုန်းနှင့် တစ်နိုင်ငံလုံးအတွက် ဆီလိုအပ်ချက်ကို ခန့်မှန်းတွက်ချက်ရာတွင် နိုင်ငံအတွင်း စားသုံးဆီထုတ်လုပ်နိုင်မှုနှင့် နှိုင်းယှဉ်ကြည့်ပါက လုံလောက်မှုမရှိသည်ကို တွေ့ရှိရပါသည်။ ထို့ကြောင့်လည်း နိုင်ငံတော်အစိုးရအနေဖြင့် စားသုံးဆီထုတ်လုပ်မှု တိုးတက်စေရေး တွန်းအားပေးဆောင်ရွက်နေသည်ကို လေ့လာတွေ့ရှိရပါသည်။ ကျွန်တော်တို့နိုင်ငံတွင် ဆီထွက်သီးနှံများ စိုက်ပျိုးနိုင်သည့် မြေသယံဇာတများ များစွာရှိပြီးဖြစ်ရာ အဆိုပါစိုက်ပျိုးမြေများကို အပြည့်အဝ အသုံးချစိုက်ပျိုးခြင်း၊ စိုက်ဧကအားလုံးတွင် သီးထပ်သီးညှပ်စိုက်ပျိုးခြင်းများနှင့် စိုက်ပျိုးရေး လုပ်ငန်းများကို အထွက်နှုန်းများ ပိုတိုးတက်အောင်မြင်အောင် ဆောင်ရွက်သင့်သည်။ ထို့ပြင် နေ့စဉ်လူတစ်ဦးချင်း၏ ဆီစားသုံးမှုပမာဏ မြင့်မားလျက်ရှိရာ ကျန်းမာရေးနှင့် ညီညွတ်မျှတစေရန်အတွက် အဆိုပါဆီစားသုံးမှုကို လျှော့ချရန် လိုအပ်သည်။

**စည်းစိမ်ဖြိုု စားဖိုဆောင်က** ဟူသည့် လူကြီးသူမများ၏ ဆိုဆုံးမစကားရှိပါသည်။ **ဆီစား၍ အသားမဖြစ်**ဟူ၍လည်း ဆီစားသုံးမှုကို သတိပေးထားခဲ့ကြပါသည်။ နေ့စဉ် မိသားစုတစ်စုတွင် ဆန်၊ ဆီ၊ ပဲ၊ ဆား၊ ငရုတ်၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ အာလူး အစရှိသော စားသုံးကုန်ပစ္စည်းများ လိုအပ်နေသကဲ့သို့ အိုးနှင့် ဆန်တန်ရုံချက်ရမည်ကို မိသားစုအတွင်း သတိပြုဆင်ခြင် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ပေါပေါများများ ချက်ပြုတ်၍ ပိုပိုလျှံလျှံ သွန်ပစ်ရသည့် အခြေအနေကို ရှောင်ရှားရမည် ဖြစ်ပါသည်။ **ချွေတာစုဆောင်း သူဌေးလောင်း**ဟူသည့် ဘွဲ့ခံနိုင်ရေး စားဖိုဆောင်စီမံခန့်ခွဲမှုကို ကနဦး ထိန်းသိမ်းဆောင်ရွက်ရမည်ဖြစ်သည်။ မြန်မာ့ဟင်းလျာများထဲမှာသာမက တိုင်းရင်းသားတို့၏ ဟင်းလျာများ၊ မြန်မာတို့ခံတွင်းတွေ့သည့် တရုတ်စာ၊ ထိုင်းစာများမှာပါ ဆီနည်းနည်းနှင့် အရသာရှိရှိ ချက်ပြုတ်စားသောက်နိုင်သည့် ဟင်းအမယ်ပေါင်း မြောက်မြားစွာရှိသည်။ ကျန်းမာရေးနှင့်လည်း ညီညွတ်၊ အရသာလည်းရှိသည့် ဟင်းလျာများ ချက်ပြုတ်စားသောက်ကြစေလိုပါသည်။

ဆီကို ပိုမိုစားသုံးခြင်းသည် အချိန်အတိုင်းအတာအားဖြင့် တစ်ခဏတွင်း မသိနိုင်သော်လည်း ရေရှည်စားသုံးမိပါက နှလုံးရောဂါ၊ နှလုံးသွေးကြောပိတ်ရောဂါ၊ သွေးတိုး၊ ဆီးချို၊ အသည်းအဆီဖုံးခြင်းကဲ့သို့ ရောဂါဝေဒနာများ ရရှိနိုင်သည်။ သို့ဖြစ်၍ ဆီစားသုံးမှုကို တတ်နိုင်သမျှ လျှော့ချရန်နှင့် ဆီစားသုံးမှုပုံစံကို ပြောင်းလဲကျင့်သုံးရန် လိုအပ်သည်။ ခြိုးခြံချွေတာရာတွင် ရှိသည့်အဝတ်အစားနှင့် လှအောင်၊ လုံခြုံအောင်ဝတ်ဆင်နိုင်ပါသည်။ နေ့စဉ်အာဟာရ လိုအပ်ချက်ကို ဖြည့်စွမ်းနိုင်သည့် စားရေးကိစ္စကိုမူ လိုအပ်သည်ထက် ခြိုးခြံချွေတာ၍ မရနိုင်ပေ။ အချို့သော အိမ်ရှင်မများက ဆီကိုချွေတာစွာသုံးစွဲကြပြီး ငါးကြော်၊ အာလူးကြော်ရာတွင် များများထည့်ကာ ကြော်ထားသော ဆီများကို တစ်ကျော့ပြန်အသုံးပြု၍ ပြန်ကြော်ဆီအဖြစ် ထပ်မံအသုံးပြုကြသည်မှာ အန္တရာယ်အလွန်များသော ကိစ္စရပ်ဖြစ်သည့်အတွက် ရှောင်ကြဉ်ကြရမည်ဖြစ်သည်။

ကျွန်တော်တို့ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံ တစ်နိုင်ငံဖြစ်သဖြင့် အခြေခံစားသောက်ကုန်အများစုကို ထုတ်လုပ်နိုင်စွမ်းရှိပါသည်။ ဆီထွက်သီးနှံအုပ်စုဝင်များဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲပုပ်သီးနှံများကိုလည်း နေရာဒေသအလိုက် စိုက်ပျိုးထုတ်လုပ်လျက်ရှိကြပါသည်။ ဆီအုန်းသီးနှံကို မြိတ်ခရိုင်နှင့် ကော့သောင်းခရိုင်တို့တွင် ဆီအုန်းစိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး နိုင်ငံတော်က ရည်သန်ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါသည်။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တစ်လ စားသုံးဆီလိုအပ်မှုမှာ တန်ချိန် ရှစ်သောင်းကျော်ဖြစ်ပြီး ပြည်တွင်း၌ ထုတ်လုပ်နိုင်သည့်ပမာဏမှာ တန်ချိန်သုံးသောင်းခန့်သာရှိသဖြင့် လိုအပ်နေသည့် စားသုံးဆီတန်ချိန် ငါးသောင်းခန့်ကို ပြည်ပမှ လစဉ်ဝယ်ယူတင်သွင်းနေရလျက်ရှိသည်။ တစ်ဖက်တွင်လည်း မိသားစုကျန်းမာရေး၊ ငွေကြေးသုံးစွဲမှုပမာဏ လျှော့ချရေးအတွက် ဆီကို ချင့်ချိန်သုံးစွဲသင့်ပေသည်။

“ဆီစားလို့ အသားမဖြစ်၊ ဆီစားများလျှင် ဘေးဖြစ်တတ်သည်၊ ဆီကိုရှောင် အိုတောင်နုပျိုဆဲ” ဟူသော ကျန်းမာရေးဆောင်ပုဒ်တို့ကို အစဉ်သတိချပ်ကြရန် လိုအပ်ပါသည်။ အဆီအနှစ်များနှင့် ဆီကြော်အစားအစာများကို မကြာခဏ စားသုံးခြင်းသည် အဝလွန်အဆီပိုစေရုံမျှမက ဦးနှောက်ကိုပင် ထိခိုက်စေနိုင်ပြီး ယနေ့ကမ္ဘာ့လူသားများကို ခြိမ်းခြောက်နေသည့် မကူးစက်တတ်သော ရောဂါများဖြစ်ကြသည့် နှလုံး၊ နှလုံးသွေးကြောရောဂါအမျိုးမျိုး၊ သွေးတိုး၊ ဆီးချို၊ လေငန်းရောဂါများကို ဖြစ်စေနိုင်ပါသည်။ အဆိုပါအစားအစာများ စားသုံးခြင်းကို တတ်နိုင်သမျှလျှော့ချခြင်းဖြင့် ကျန်းမာရေးနှင့် ညီညွတ်သော လူမှုဘဝကို ရရှိပိုင်ဆိုင်နိုင်မည်ဖြစ်သည်။

လူသားတို့၏ ကျန်းမာရေးအတွက် စားသုံးဆီသည် သန့်ရှင်းမှုမရှိပါက အန္တရာယ်ကြီးမားကြောင်း၊ ဆီစားသုံးရာတွင် ပြည့်ဝအဆီ(Saturated Oil)သည် ကျန်းမာရေးအတွက် မသင့်လျော်ကြောင်း၊ အသွင်ပြောင်းအဆီ (Trans Fat)သည် လူကို အန္တရာယ်ပေးတတ်ကြောင်း၊ ပြည့်ဝဆီမဟုတ်သော အဆီ (Unsaturated Oil)ကို အသင့်အတင့် စားသုံးသင့်ကြောင်း ဓာတ်ခွဲပညာရှင်များက ဆိုထားသည်။ မည်သို့ပင်ဆိုစေ ဆီစားသုံးမှု များပြားပါက ကျန်းမာရေးကို ထိခိုက်နိုင်ပြီး အသည်းအဆီဖုံးခြင်း၊ နှလုံးသွေးကြောကျဉ်းခြင်း၊ နှလုံးရောဂါနှင့် ကင်ဆာရောဂါများ ရရှိနိုင်ကြောင်းကို ကျွန်တော်တို့ နိုင်ငံသူနိုင်ငံသားတိုင်း သိရှိကြပြီး ဆီစားသုံးမှုကို ဆင်ခြင်လျှော့ချလာကြရန် အထူးလိုအပ်သည်။ စားသုံးဆီ (Edible Oil)ကို တန်ဆေးလွန်ဘေးဆိုသည့်အတိုင်း ချင့်ချိန်စားသုံးကြရန်အတွက် **သက်ရှည်ကျန်းမာနေထိုင်ဖို့ ဆီစားသုံးမှု လျှော့ချစို့**ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## အသက် သုံးနှစ်မှ ငါးနှစ် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာသင်တန်းဆင်း

**နေပြည်တော် ဇွန် ၂၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိဌာနတွင်း၊ ပုဂ္ဂလိကနှင့် ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းများမှ ဆရာ ဆရာမများနှင့် ပြင်ပကလေးဖွံ့ဖြိုးမှုလုပ်ငန်း စိတ်ပါဝင်စားသူများအတွက် ဖွင့်လှစ်ခဲ့သည့် အသက်သုံးနှစ်မှ ငါးနှစ် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ (အခြေခံ) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီတွင်



နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး ရဲမိုးက ယခုသင်တန်းမှ ပို့ချပေးလိုက်သည့် ဘာသာရပ်များကို ဆက်လက်လေ့လာပြီး စဉ်ဆက်မပြတ် လေ့လာသင်ယူနိုင်သူ၊ အခက်အခဲများကို ရင်ဆိုင်ဖြေရှင်းနိုင်သူများဖြစ်စေရေး တိုက်တွန်းပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်က သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ချီးမြှင့်ပြီး သင်တန်းကာလအတွင်း သင်ယူ တတ်မြောက်ခဲ့သည့် အသက် သုံးနှစ်မှ ငါးနှစ် ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံဘာသာရပ်များအား လက်တွေ့အသုံးချ လက်မှုပြခန်းများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သျှင်ဦးမောင်(ပြန်/ဆက်)**

## ရွှေတောင်မြို့နယ်၌ ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်လှစ်

**ရွှေတောင် ဇွန် ၂၄**

ရွှေတောင်မြို့နယ်တွင် မြို့နယ်ဥပဒေရုံးမှ ရပ်ကွက်ကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူးများအား



ဥပဒေအသိပညာ ပြန့်ပွားရေး ဆရာဖြစ် သင်တန်းဖွင့်လှစ်ခြင်းကိုယမန်နေ့က မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဟံဝင်းအောင်က အမှာစကားပြောကြား၍ မြို့နယ်ဥပဒေအရာရှိက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် သင်တန်းတွင် သင်ကြားပို့ချပေးမည့် ဥပဒေဘာသာရပ်ကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို ဇွန် ၂၂ ရက်မှ ၂၆ ရက်အထိ မြို့နယ်ဥပဒေအရာရှိ ဒေါ်အိအိမာက သင်ကြားပို့ချမည် ဖြစ်ပြီး ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ၅၁ ဦးအား သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုကိုမင်း (ပြန်/ ဆက်)**

## တပ်ကုန်းမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကျင်းပ

**တပ်ကုန်း ဇွန် ၂၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကို ယနေ့နံနက်ပိုင်းက ထုံးဖိုကျေးရွာအခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်တင့်တင့်ခိုင်က စေ့စပ်ညှိနှိုင်းသူအဖြစ် ဆောင်ရွက်ပြီး၊ ထုံးဖိုကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသူ ငါးဦးတို့က လူငယ်နှင့် တာဝန်၊ လူငယ်နှင့် ယဉ်ကျေးမှု၊ လူငယ်နှင့် အနာဂတ်၊ လူငယ်



နှင့် ဝါသနာ၊ လူငယ်နှင့်ပညာရေး ခေါင်းစဉ်တို့ဖြင့် ဦးဆောင်ဆွေးနွေးသည်။

ထို့အတူ ဒယောက်ကူးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကို ကျင်းပသည်။ **တင်စိုးလွင်**

## တာချီလိတ်မြို့ မြန်မာ-ထိုင်း အမှတ် (၁)ချစ်ကြည်ရေးတံတားလမ်း၌ ကတ္တရာကွန်ကရစ်(AC)လမ်း ခင်းကျင်း

**တာချီလိတ် ဇွန် ၂၄**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့ရှိ မြန်မာ-ထိုင်း အမှတ် (၁)ချစ်ကြည်ရေးတံတားပေါ်တွင် ယာဉ်သွားလာမှု ပိုမိုချောမွေ့စေရေးနှင့် တံတားအသုံးပြုသူများ အဆင်ပြေစေရေးအတွက် လမ်းအဆင့်မြှင့်တင် ကတ္တရာကွန်ကရစ် (AC) လမ်းခင်းကျင်းခြင်းလုပ်ငန်းကို ဇွန် ၂၃ ရက် ညပိုင်းက ဆောင်ရွက်ရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး



ကျော်မင်းထွန်း၏ ကြီးကြပ်မှုဖြင့် ကတ္တရာကွန်ကရစ် (AC) လမ်းခင်းကျင်းခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးဌာနမှ ဆောင်ရွက်ခဲ့သည်။

အဆိုပါ လမ်းခင်းလုပ်ငန်းကို ဇွန် ၂၃ ရက် ညပိုင်းတံတားပိတ်ချိန်တွင် စတင်ဆောင်ရွက်ကာ ယနေ့ညပိုင်း တံတားပိတ်ချိန်တွင် လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အမှတ် (၁) ချစ်ကြည်ရေးတံတားသည် မြန်မာနိုင်ငံ တာချီလိတ်မြို့နှင့် ထိုင်းနိုင်ငံ မယ်ဆိုင်မြို့တို့ကို ဆက်သွယ်ပေးထားသည့် အရေးပါသော နယ်စပ်ဖြတ်ကျော်တံတားတစ်စင်းဖြစ်ကြောင်း သိရသည်။

**ကျော်ဇေယျာလင်း**



မွန်ပြည်နယ် ပေါင်မြို့နယ် မီးသတ်ဦးစီးမှူးရုံး၌ အကြိုအခြေခံမီးသတ်ပညာသင်တန်းကို ဇွန် ၂၄ ရက်တွင်ပြုလုပ်ရာ မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးမြတ်ကိုကိုနှင့် တပ်ဖွဲ့ဝင်များက သင်တန်းသား ၃၅ ဦးအား အခြေခံမီးသတ်ပညာရပ်များ ပို့ချပေးစဉ်။

မွန်မလေး (ပြန်/ဆက်)



မင်းဘူးခရိုင်မီးသတ်ဦးစီးဌာနက ရေပြင်မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးစွမ်းရည် သရုပ်ပြလေ့ကျင့်ခြင်းကို ဇွန် ၂၃ ရက်က ကမ်းနားလမ်း၌ကျင်းပရာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဆောင်သည့် မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုကူညီရေးအသင်းအဖွဲ့များက ဧရာဝတီမြစ်အတွင်း မီးသတ်သရုပ်ပြလေ့ကျင့်မှုများ ပြုလုပ်စဉ်။

မောင်မောင်(မင်းဘူး)

## စာရေးဆရာ၊ သတင်းစာဆရာကြီး တက္ကသိုလ်မြတ်သူ (၁၉၃၁ - ၂၀၂၆) ကွယ်လွန်



မြန်မာနိုင်ငံ သတင်းစာလောကတွင် လက်ရှိအချိန်၌ သက်တမ်းအရှည်ဆုံး သတင်းစာဆရာကြီးဖြစ်သည့် ဦးကျော်ဇင်ညွန့် (တက္ကသိုလ်မြတ်သူ) သည် ယနေ့ညနေပိုင်းတွင် အမှတ် (၂) တပ်မတော်ဆေးရုံကြီး၌ (၉၆) ပါး ရောဂါဖြင့် ကွယ်လွန်သွားရှာပြီဖြစ်သည်။ ဆရာကြီးကွယ်လွန်သွားသည့်အတွက် မြန်မာနိုင်ငံသတင်းစာလောက၊ စာပေလောကအတွက် တန်ဖိုးမဖြတ်နိုင်သော ဆုံးရှုံးမှုပင်ဖြစ်သည်။

ဆရာကြီးကို ၁၉၃၁ ခုနှစ် ဇွန်လ ၁ ရက်နေ့တွင် မြင်းခြံမြို့၌ အဖ ဦးကံညွန့်- အမိ ဒေါ်မြဇင်တို့က မွေးဖွားခဲ့သည်။ ၁၉၄၅-၄၆ ခုနှစ်တွင် စာပေလောကသို့ စတင်ဝင်ရောက်ခဲ့သည်။ ၁၉၄၈ ခုနှစ်တွင် သွေးသောက်မဂ္ဂဇင်း၌ ကဗျာများ စတင်ပုံနှိပ်ဖော်ပြခံရသည်။ ၁၉၅၂-၅၃-၅၄ ခုနှစ်များတွင် ကဗျာများကိုသာ ဇောက်ချရေးသားခဲ့ပြီး ရှုမဝ၊ သွေးသောက်၊ မြဝတီ၊ ငွေတာရီ၊ စုံထောက်မဂ္ဂဇင်း၊ နဝဒေးမဂ္ဂဇင်း၊ ဖြူနီညိုပြာ၊ ကေသီပန်၊ နတ်သျှင်နောင် စာစောင်များ၌ ကဗျာများ ရေးသားခဲ့သည်။ ၁၉၅၄-၅၅ ခုနှစ်ခန့်မှစ၍ ဆောင်းပါးများ၊ ဝတ္ထုတိုများရေးသားခဲ့သည်။ ၁၉၅၇ ခုနှစ် ဇွန်လ ၇ ရက်မှ စတင်၍ သတင်းစာလောကသို့ အချိန်ပြည့် ခြေစုံပစ်ဝင်ရောက်လုပ်ကိုင်ခဲ့သည်။

ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ရရှိခဲ့ပြီး ပညာမင်းကြီးရုံးစာရေး၊ အလယ်တန်းပြဆရာ၊ အလွတ်ပညာသင်ကျောင်းဆရာတာဝန်များ ထမ်းဆောင်ခဲ့သည်။ ထို့နောက် ပြည်တော်စိုး၊ ခေတ်သစ္စာ၊ ပြည်သူ့အိုးဝေ၊ အမျိုးသား၊ ဗိုလ်တထောင်စသည့် ပုဂ္ဂလိကပိုင်သတင်းစာများတွင် သတင်းထောက်မှ အယ်ဒီတာဖြစ်လာခဲ့သည်။ ၁၉၆၄ ခုနှစ် စက်တင်ဘာလမှစ၍ နိုင်ငံပိုင်သတင်းစာများဖြစ်သည့် ကြေးမုံ၊ ဗိုလ်တထောင်၊ မြန်မာ့အလင်း၊ ဟံသာဝတီ သတင်းစာများတွင် သတင်းတာဝန်ခံအယ်ဒီတာမှ ဒုတိယအယ်ဒီတာချုပ်၊ အယ်ဒီတာချုပ် တာဝန်များ ထမ်းဆောင်ခဲ့သည်။ အစိုးရထုတ် လုပ်သားပြည်သူ့နေ့စဉ်သတင်းစာတိုက်တွင်လည်း တာဝန်ထမ်းဆောင်ခဲ့သည်။ မြန်မာနိုင်ငံတွင် ထွက်ရှိခဲ့သော သတင်းစာ(၉)စောင်တွင် ဆယ်စုနှစ်ပေါင်းများစွာ တာဝန်ထမ်းဆောင်ခဲ့သည်။

သတင်းအခြေပြုဆောင်းပါးများ၊ သတင်းစာပညာစာအုပ်များ အဆက်မပြတ်ရေးသားခဲ့သည်။ ၁၉၉၅ ခုနှစ်တွင် အမျိုးသားစာပေ (ကဗျာ)ဆုရရှိခဲ့သည်။ နိုင်ငံပိုင်သတင်းစာများမှ အနားယူပြီးနောက် ၁၉၉၇ ခုနှစ်မှ ၂၀၁၁ ခုနှစ်ကုန်အထိ ပြန်ကြားရေးဝန်ကြီးဌာနတွင် အကြံပေးအဖြစ် ၁၄ နှစ်ဆောင်ရွက်ခဲ့သည်။ အမျိုးသားညီလာခံတွင် အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်အဖြစ် ၁-၉-၁၉၉၃ မှ ၃-၉-၂၀၀၇ အထိ တက်ရောက်ခဲ့သည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးကော်မရှင် ၅၄ ဦးတွင်လည်းကောင်း၊ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး ၄၅ ဦးကော်မရှင်တွင်လည်းကောင်း ပါဝင်ဆောင်ရွက်ခဲ့သည်။ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် မျိုးစောင့်ဥပဒေရေးဆွဲရေး ကော်မရှင်တွင် ပါဝင်ဆောင်ရွက်ခဲ့သည်။

စာနယ်ဇင်းမီဒီယာများတွင် ကလောင်နာမည်ခွဲ ၁၉၇ ခုဖြင့် ဆောင်းပါးပုဒ်ရေ နှစ်သောင်းခွဲ၊ သတင်းစာ အယ်ဒီတာ့အာဘော်တစ်ထောင်ကျော်၊ ဝတ္ထု ၁၈ အုပ်၊ သုတပညာပေးနှင့်သတင်းအခြေပြုနိုင်ငံရေးစာအုပ် ၇၀ ကျော်၊ နိုင်ငံ့အကျိုးပြု တေးသီချင်း ၁၅ ပုဒ်ရေးသားခဲ့သည်။ ကွယ်လွန်ချိန်မတိုင်မီအထိ စာရေးသားဆဲဖြစ်ပြီး ဟောပြောပွဲ၊ သင်တန်းပို့ချမှု လေးရာကျော်ကို ဟောပြောပို့ချခဲ့သည်။ သတင်းစာလုပ်ငန်း၊ စာပေလုပ်ငန်းများဖြင့် အမေရိကန်ပြည်ထောင်စု၊ ဆိုဗီယက်ပြည်ထောင်စု၊ ဂျာမနီ၊ ပိုလန်၊ ဟန်ဂေရီ၊ ဖင်လန်၊ ဂျပန်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ထိုင်း၊ ဖိလစ်ပိုင်၊ စင်ကာပူစသည့် နိုင်ငံခြားတိုင်းပြည်များသို့ သွားရောက်ခဲ့သည်။

၁၉၉၇ ခုနှစ်တွင် တိုင်းကျိုးပြည်ပြု ကလောင်ဆု၊ ၂၀၀၇ ခုနှစ်တွင် လူမှုထူးချွန်(ဒုတိယအဆင့်)၊ ၂၀၁၂ ခုနှစ် လွတ်လပ်ရေးနေ့တွင် စည်သူဘွဲ့တံဆိပ်၊ ၂၀၁၈ ခုနှစ်တွင် ပခုက္ကူဦးအုံးဖေ တစ်သက်တာစာပေဆု၊ ၂၀၂၁ ခုနှစ်တွင် အမျိုးသားစာပေတစ်သက်တာဆု၊ ၂၀၂၂ ခုနှစ်တွင် အလင်္ကာကျော်စွာဘွဲ့တို့ကို နိုင်ငံတော်က ချီးမြှင့်ပေးအပ်ခဲ့သည်။ ဆရာကြီး တက္ကသိုလ်မြတ်သူသည် ကွယ်လွန်ချိန်အထိ ဘဝတစ်လျှောက်လုံး သတင်းစာပညာ၊ စာပေပညာတို့ကို ဆုပ်ကိုင်ထားခဲ့ပြီး စာပေလောက၊ သတင်းစာလောကတို့တွင် စေတနာ၊ မေတ္တာ၊ မျိုးချစ်စိတ်ဓာတ် ထက်သန်စွာဖြင့် စာပေတာဝန်၊ သတင်းစာတာဝန်တို့ကို အတိုင်းထက်အလွန် ကျေပွန်စွာ ထမ်းဆောင်ခဲ့သူဖြစ်သည့်အလျောက် ဆရာကြီးကွယ်လွန်ခြင်းအတွက် များစွာနှမြောတသ ဝမ်းနည်းကြေကွဲ ဖြစ်ရပါသည်။

# ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် ပါဝင်ပတ်သက်သူ တရားမဝင် တရုတ်နိုင်ငံသား လေးဦးအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၂၄**

နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ ကမ္ဘာတစ်ဝန်းရှိ လူသားမျိုးနွယ်အားလုံး၏ လူမှုဘဝများကို ထိခိုက်ပျက်စီးစေပြီး အများပြည်သူအကျိုးစီးပွားကို ထိခိုက်ပျက်စီးအောင် အလုံးစုံအန္တရာယ်ပေးလျက်ရှိသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အလေးထား ဆောင်ရွက်လျက်ရှိပြီး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ အဆက်မပြတ် အရှိန်အဟုန်မြှင့်တင် ပြတ်ပြတ်သားသား နှိမ်နင်းတိုက်ဖျက်လျက်ရှိသည်။

ထိုကဲ့သို့ လုံခြုံရေးပူးပေါင်းအဖွဲ့များက သက်ဆိုင်ရာနယ်မြေများအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်သူများ အခြေပြုနေထိုင်ခြင်းမရှိစေရန်နှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ဆောင်ရွက်ခြင်းမရှိစေရန်အတွက် ရှာဖွေဖော်ထုတ်စစ်ဆေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ယနေ့ ညနေ ၅ နာရီ ၄၅ မိနစ်ခန့်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ ဟိုမွန်ရပ်ကွက်ရှိ နေအိမ်တစ်လုံးအတွင်းမှ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူ တရားမဝင် တရုတ်နိုင်ငံသား အမျိုးသား လေးဦးအား ဖုန်းမျိုးစုံ ၃၄ လုံး၊ All In One ကွန်ပျူတာ ရှစ်လုံး၊ အင်ဗာတာ တစ်လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်လျက်ရှိသည့် ဖမ်းဆီးရမိသူများအား လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် ပါဝင်ပတ်သက်သည့် တရားမဝင် တရုတ်နိုင်ငံသား လေးဦးအား တွေ့မြင်ရစဉ်။







အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် လုပ်ငန်းလုပ်ကိုင်သည့် အခန်းနှင့် လုပ်ငန်းသုံးပစ္စည်းများအား တွေ့ရစဉ်။

## ညောင်ဦးမြို့နယ် တောင်ခွင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ညောင်ဦး ဇွန် ၂၄**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တောင်ခွင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးခြင်းကို ယမန်နေ့က အဆိုပါကျေးရွာ၌



ကျင်းပရာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဝင်းခိုင်ဦးက အမှာစကား ပြောကြားသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက တောင်ခွင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၈၄ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၆ ဦး စုစုပေါင်း အသင်းသား အသင်းသူ ၁၃၀ အား မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၉ ဒသမ ၉ သန်းကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

## ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု ကျင်းပ

**တောင်တွင်းကြီး ဇွန် ၂၄**



မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူး၍ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှု အခမ်းအနားကို ယမန်နေ့က တောင်တွင်းကြီးမြို့ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အလက (၃) ၌ပြုလုပ်ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်ဇင်ဦးက အမှာစကား ပြောကြားသည်။

ထို့နောက် အထက်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲနှင့် မူလတန်းအဆင့် ပုံပြင်ပြောပြိုင်ပွဲများတွင် ပထမဆုရရှိသည့် ကျောင်းသား ကျောင်းသူများက ပြန်လည်သရုပ်ပြသကာ တာဝန်ရှိသူများက ဉာဏစွမ်းရည်ပြိုင်ပွဲများ၌ ဆုရရှိသူများနှင့် အမြဲမပြတ် လေ့လာသင်ယူရေးစကားဝိုင်းတွင် ပါဝင်ဆွေးနွေးကြသူများအား ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မြို့နယ်**
**(ပြန်/ဆက်)**

## လှိုင်းဘွဲမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်

**ဘားအံ ဇွန် ၂၄**

ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လှိုင်းဘွဲမြို့နယ်ဦးစီးမှူးရုံးက နိုင်ငံသားစိစစ်ရေးကတ် ထုတ်ပေးခြင်းလုပ်ငန်းကို ယမန်နေ့က လှိုင်းဘွဲမြို့နယ် ပတ်ကျောကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ၌ ကွင်းဆင်းဆောင်ရွက်ပေးရာ လှိုင်းဘွဲမြို့နယ်ဦးစီးမှူးရုံးမှ ဦးစီးမှူး ဦးစည်သူအောင်နှင့် ဝန်ထမ်းများက ကျောင်းသား ကျောင်းသူ ၃၆ ဦးအား နိုင်ငံသားစိစစ်ရေး ကတ်များကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဇင်လေး(ပြန်/ဆက်)**



**နိုင်ငံအဝန်း သစ်တောစိမ်းဖြင့် စိမ်းလန်းစေရမည်**

## မြန်မာ့အလင်း အယ်ဒီတာ့ထံ ပေးစာ

သို့
အယ်ဒီတာခင်ဗျာ

### ဖုံးအုပ်မှုမပါသည့် စည်းကမ်းမဲ့ သဲကား၊ ကျောက်ကားများကို အရေးယူပေးစေလို

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် ဇေယျာသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်တို့တွင် ဖြတ်သန်းမောင်းနှင်နေကြသည့် စည်းကမ်းမဲ့ သဲကားများနှင့် ကျောက်ကားများကို အမြန်ဆုံး စည်းကမ်းထိန်းသိမ်းပေးပါရန် အယ်ဒီတာ့ထံပေးစာမှတစ်ဆင့် သက်ဆိုင်ရာသို့ တင်ပြအပ်ပါသည်။ အဆိုပါကားများသည် ဇေယျာသီရိမြို့နယ် ရန်ကုန်-မန္တလေးလမ်းဟောင်း တပ်ကုန်းမှ သိုက်ချောင်းလမ်းဆုံအထိနှင့် ပုဗ္ဗသီရိမြို့နယ်နှင့် ဇေယျာသီရိမြို့နယ်တို့ဆက်သွယ်ရာ ပုဗ္ဗသီရိမြို့ပတ်လမ်းတစ်လျှောက် နေ့စဉ်ဖြတ်သန်းမောင်းနှင်လျက် ရှိပါသည်။ အချို့ သဲကား၊ ကျောက်ကားများမှာ သဲနှင့်ကျောက်များကို စနစ်တကျ ဖုံးအုပ်မောင်းနှင်ကြသော်လည်း အချို့သော သဲကား၊ ကျောက်ကားများမှာ စည်းကမ်းမရှိ စနစ်တကျဖုံးအုပ်ခြင်းမရှိဘဲ မောင်းနှင်သွားလာနေကြပါသည်။ ထိုလမ်းမများပေါ်တွင် အခြေခံပညာကျောင်းများရှိနေသဖြင့် ကျောင်းသား ကျောင်းသူများ ကျောင်းသွားရာတွင် စည်းကမ်းမဲ့ကားများပေါ်မှ လွင့်စဉ်ကျလာသည့် သဲမှုန့်၊ ကျောက်မှုန့်များနှင့် ကျောက်ခဲများကြောင့် အနှောင့်အယှက်ဖြစ်ရသကဲ့သို့ ဖြတ်သန်းမောင်းနှင်သွားလာနေသည့် မော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ်များမှာလည်း စည်းကမ်းမဲ့ သဲကား၊ ကျောက်ကားများကြောင့် ယာဉ်မောင်းနှင်ရာတွင် မတော်တဆ အန္တရာယ်များ ကြုံတွေ့နိုင်ပါသဖြင့် စည်းကမ်းမဲ့စွာ ဖုံးအုပ်မှုမပါသည့် သဲကား၊ ကျောက်ကားများကို ထိရောက်စွာ အရေးယူပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

**မောင်ခင် - ဇေယျာသီရိသား**




တပ်မတော်စစ်ကြောင်းများက ကလေးဝ-ယာကြီး-မုံရွာ လမ်းကြောင်းပေါ်ရှိ ကျော်ကျေးရွာ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးနှင့် ပတ်ဝန်းကျင်တစ်ဝိုက်အား လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်စဉ်။



တပ်မတော်စစ်ကြောင်းများက ကလေးဝ-ယာကြီး-မုံရွာ လမ်းကြောင်းပေါ်ရှိ ကျော်ကျေးရွာမှ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်စဉ်။

◆ *ကျောဖုံးမှ*

အားလည်းကောင်း၊ ဇွန် ၆ ရက်တွင် ချောင်းမကျေးရွာနှင့် အောင်မင်္ဂလာ ကျေးရွာတို့အား လည်းကောင်း၊ ဇွန် ၇ ရက်တွင် သစ်ရာပင်လမ်းဆုံအား လည်းကောင်း၊ ဇွန် ၈ ရက်တွင် သစ်ရာပင်ကျေးရွာအားလည်းကောင်း၊ ဇွန် ၉ ရက်တွင် ဝင်းကုန်းကျေးရွာအားလည်းကောင်း၊ ဇွန် ၁၁ ရက်တွင် ညောင်ပင်လယ်ကျေးရွာအားလည်းကောင်း၊ ဇွန် ၁၃ ရက်တွင် ယာကြီးကျေးရွာအား လည်းကောင်း၊ ဇွန် ၁၅ ရက်တွင် ကွမ်းပင်ရေနှင့် ဇွန် ၁၈ ရက်တွင် လာပို့ကျေးရွာအားလည်းကောင်း၊ ဇွန် ၂၀ ရက်တွင် စစ်လင်းချောင်းကျေးရွာအားလည်းကောင်း၊ ဇွန် ၂၂ ရက်တွင် ထုံးကြီးကျေးရွာအားလည်းကောင်း အဆင့်ဆင့် ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ကာ ယမန်နေ့ ဇွန် ၂၃ ရက်တွင် ကျော်ကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာရှိ လခရတပ်ဖွဲ့များနှင့် ပူးပေါင်း၍ ကျေးရွာတစ်ဝိုက် လုံခြုံရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

တပ်မတော်စစ်ကြောင်းများသည် အဆိုပါလမ်းတစ်လျှောက်၌ နယ်မြေရှင်းလင်းခြင်းများ ဆောင်ရွက်စဉ် အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များနှင့် ထိတွေ့တိုက်ပွဲများ ဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သောင်းကျန်းသူ အလောင်းများ၊ လက်နက်ခဲယမ်း ဆက်စပ်ပစ္စည်းများနှင့် အခြေပြုစခန်းနေရာများအား သိမ်းပိုက်ရရှိခဲ့ပြီး အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များသည် ထိခိုက်သေဆုံးမှုများစွာဖြင့် ဖရိုဖရဲဆုတ်ခွာထွက်ပြေးသွားကြောင်း သိရသည်။ ထို့ပြင် တပ်မတော်စစ်ကြောင်းများအနေဖြင့် လာပို့ကျေးရွာနှင့်ကျော်ကျေးရွာအကြားရှိ လမ်းကြောင်းတစ်လျှောက်တွင် အကြမ်းဖက်သောင်းကျန်းသူများ ယုတ်မာရိုင်းစိုင်းစွာ ထောင်ထားသည့် မိုင်းများအားဒေသခံပြည်သူများ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် ဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။





ကလေးဝ-ယာကြီး-မုံရွာ လမ်းကြောင်းပေါ်ရှိ လာပို့ကျေးရွာနှင့် ကျော်ကျေးရွာအကြား၌ အကြမ်းဖက်သောင်းကျန်းသူများ ယုတ်မာရိုင်းစိုင်းစွာ ထောင်ထားသည့် မိုင်းများအား တပ်မတော်စစ်ကြောင်းများက ဖော်ထုတ်ရှင်းလင်းခဲ့မှုကို တွေ့ရစဉ်။

တပ်မတော်အနေဖြင့် အိန္ဒိယ-မြန်မာ နှစ်နိုင်ငံကုန်စည်စီးဆင်းမှုနှင့် ဒေသတွင်းကုန်စည် ပို့ဆောင်မှုများအတွက် အရေးပါလှသည့် အဆိုပါ ကလေးဝ-ယာကြီး-မုံရွာ လမ်းကြောင်းအား ဒေသခံပြည်သူများ စိတ်အေးချမ်းသာစွာသွားလာနေထိုင်နိုင်ရေးအတွက် အမြန်ဆုံး အပြည့်အဝ ပြန်လည်ထိန်းချုပ်ဖွင့်လှစ်နိုင်ရေး ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် နယ်မြေလုံခြုံရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် နှောင့်ယှက် ဖျက်ဆီးနေသည့် အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များအား အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး(Counter- Terrorism Operation)ဖြင့် ဆက်လက်ချေမှုန်းသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

❒ *ကျောဖုံးမှ*

ပွဲစဉ်(၂)တွင် လက်ရှိချန်ပီယံ ရှေဝတီအသင်းက Young Lionesses အသင်းကို သုံးဂိုး-ဂိုးမရှိ၊ အားကာသီပွဲအသင်းက ဖွဲ့ကပင်ယူနိုက်တက်အသင်းကို သုံးဂိုး- ဂိုးမရှိ ရတနာပုံအသင်းက ရန်ကုန်းစီးတီးအသင်းကို ခြောက်ဂိုး-ဂိုးမရှိ၊ ရန်ကုန်ယူနိုက်တက်အသင်းက မြဝတီအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး သစ္စာအားမာန်နှင့် ရှမ်းယူနိုက်တက်အသင်းတို့သည် တစ်ဂိုးစီ သရေကျခဲ့သည်။

ပွဲစဉ်(၂) ၏ ရှေဝတီနှင့် Young Lionesses အသင်းပွဲအတွက် အကောင်းဆုံးကစားသမားဆု (AYA Pay player of the Match) ကို စန်းသော်သော် (ရှေဝတီ)၊ အားကာသီပွဲနှင့် ဖွဲ့ကပင်ယူနိုက်တက်ပွဲအတွက် အကောင်းဆုံးကစားသမားဆု(AYA Pay player of the Match) ကို မီမီဇင်(အားကာသီပွဲ)၊ ရန်ကုန်ယူနိုက်တက်နှင့် မြဝတီပွဲအတွက် အကောင်းဆုံးကစားသမားဆု (AYA Pay player of the Match) ကို ဇင်မိုးပြည့်(ရန်ကုန်ယူနိုက်တက်)၊ ရတနာပုံနှင့် ရန်ကုန်စီးတီးပွဲအတွက် အကောင်းဆုံးကစားသမားဆု (AYA Pay player of the Match)ကို ဝင်းသီရိထွန်း(ရတနာပုံ)၊ သစ္စာအားမာန်နှင့် ရှမ်းယူနိုက်တက်ပွဲအတွက် အကောင်းဆုံးကစားသမားဆု (AYA Pay player of the Match) ကို ဝင်းဝင်း(သစ္စာအားမာန်)က ရရှိပြီး အမှတ်တရဆုနှင့် ဆုကြေးငွေကျပ်ငါးသိန်းစီ ချီးမြှင့်သည်။

ပွဲစဉ်(၂)အပြီးတွင် လက်ရှိချန်ပီယံ ရှေဝတီအသင်း၊ အားကာသီပွဲအသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့က ခြောက်မှတ်စီရထားပြီး ရှေဝတီအသင်းက ဂိုးကွာခြားချက်အသာဖြင့် ထိပ်ဆုံးတွင် ဆက်လက်ဦးဆောင်နေပြီး ယင်းအသင်းများနောက်တွင် ရတနာပုံအသင်း၊ ဖွဲ့ကပင်ယူနိုက်တက်အသင်းနှင့် Young Lionesses အသင်းတို့က သုံးမှတ်စီ၊ ရှမ်းယူနိုက်တက်အသင်းနှင့် သစ္စာအားမာန်အသင်းတို့က တစ်မှတ်စီ၊ မြဝတီနှင့် ရန်ကုန်စီးတီးအသင်းတို့က နှစ်ပွဲစလုံးရှုံးကာ အမှတ်မရရှိသေးကြောင်း သိရသည်။

**ကိုစံ**

**ဓာတ်ပုံ-MWL**

❊ *ကျောဖုံးမှ*

နံနက် ၅ နာရီခွဲက တိုရွန်တိုကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည့် ပနားမားနှင့် ခရိုအေးရှားအသင်းပွဲစဉ်တွင် ခရိုအေးရှားအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲရရှိပြီး နောက်တစ်ဆင့်တက်လှမ်းနိုင်မည့် အခွင့်အရေးကောင်းပိုင်ဆိုင်ခဲ့သည်။ ခြေရည်တူနှစ်သင်းတွေ့ဆုံမှုကြောင့် နောက်ဆုံးမိနစ်အထိ အကြိတ်အနယ်ရှိပြီး ပြိုင်ဆိုင်မှု ပြင်းထန်ခဲ့သည်။

နံနက် ၈ နာရီခွဲက ဂွါဒါလာဟာရာကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည့် ကိုလံဘီယာနှင့် ကွန်ဂိုအသင်းပွဲစဉ်တွင် ကိုလံဘီယာအသင်းက တစ်ဂိုး- ဂိုးမရှိဖြင့် နိုင်ပွဲရရှိပြီး အုပ်စုပထမနေရာကို ရယူနိုင်ခဲ့သည်။ ကွန်ဂိုအသင်းသည် ကိုလံဘီယာအသင်း၏ ဖိအားပေးကစားမှုအောက် အသင်းကစားပုံ ဟန်ချက်ပျက်ခဲ့ပြီး ရှုံးပွဲကြုံတွေ့ခဲ့သည်။

ဇွန် ၂၃ ရက် ည ၁၁ နာရီခွဲက ဟူစတန်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည့် နာမည်ကြီး ပေါ်တူဂီနှင့် ဥဇဘက်ကစ္စတန်အသင်းပွဲစဉ်တွင် ပေါ်တူဂီက အဓိက တိုက်စစ်ကစားသမား စီရော်နယ်ဒို၏ သွင်းဂိုးများနှင့်အတူ ငါးဂိုးပြတ် နိုင်ပွဲရရှိခဲ့သည်။ စီရော်နယ်ဒိုသည် ကမ္ဘာ့ဖလားပြိုင်ပွဲ ခြောက်ကြိမ်တွင် ဂိုးသွင်းယူနိုင်သည့် ပထမဆုံး ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

**အောင်ဇော်**

❍ *ကျောဖုံးမှ*

ဝင်ရောက်ခွင့်ရရှိခဲ့သည့် Esports ကစားနည်းငါးမျိုးမှာ Honor of Kings (HOK)၊ PUBG Mobile (PUBGM)၊ Mobile Legends: Bang Bang (MLBB)၊ eFootball Mobile ၊ eFootball Console တို့ ဖြစ်သည်။

ဂျပန်နိုင်ငံ အိုက်ချီ-နာဂိုယာမြို့ (Aichi-Nagoya, Japan) ၌ စက်တင်ဘာ ၁၉ ရက်မှ အောက်တိုဘာ ၄ ရက်အထိ ကျင်းပမည့် အကြိမ် (၂၀)မြောက် အာရှအားကစားပြိုင်ပွဲကြီးတွင် Esports ကစားနည်း ၁၁ မျိုးအတွက် ရွှေ၊ ငွေ၊ ကြေး ၁၁ ခုစီဖြင့် စုစုပေါင်း ဆုတံဆိပ် ၃၃ ခု ပေးအပ်ချီးမြှင့်သွားမည်ဖြစ်သည်။

မြန်မာနိုင်ငံအီလက်ထရောနစ် အားကစားအဖွဲ့ချုပ်(MESF)အနေဖြင့် လာမည့် အာရှအားကစားပွဲတော်ကြီးတွင် သမိုင်းဝင်ဆုတံဆိပ်များဆွတ်ခူးနိုင်ရေး ရည်ရွယ်ချက် ဖြင့် ကစားသမားများ၏ နည်းဗျူဟာပိုင်း၊ ကြံ့ခိုင်မှုပိုင်းနှင့် စိတ်ဓာတ်ပိုင်းဆိုင်ရာများကို အမြင့်ဆုံးအဆင့်သို့ ရောက်ရှိအဆင်သင့်ဖြစ်စေရန်အတွက် Intense National Bootcamp/ Camp ကို အမြန်ဆုံး အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



ပြစ်မှုကျူးလွန်သူ သန်းစိုးအား ဖမ်းဆီးရမိ စိတ်ကြွဆေးပြားများနှင့် အတူ တွေ့ရစဉ်။

❖ *ကျောဖုံးမှ*

ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ ဇွန် ၁၆ ရက် ည ၇ နာရီခွဲတွင် စိတ်ကြွဆေးပြားများ သယ်ဆောင်ရောင်းဝယ်ရာတွင် ပူးပေါင်းပါဝင်သူ သန်းစိုးအား မော်ဘီမြို့နယ် ပိန္နဲကုန်းကျေးရွာတွင် စိတ်ကြွဆေးပြား ၂၅၀၀၀၊ ဆိုင်ကယ်တစ်စီးတို့နှင့်အတူ ဆက်လက်ဖမ်းဆီးရမိခဲ့သဖြင့် ဖမ်းဆီးရမိမှုဖြစ်စဉ်တွင် ဒေသတန်ဖိုးငွေကျပ် ၂ ဒသမ ၁၅ ဘီလီယံတန်ဖိုးရှိ စိတ်ကြွ ဆေးပြား ၁၄ ဒသမ ၂၅ သိန်း ဖမ်းဆီးရမိခဲ့သည်။

ဆက်လက်၍ ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ ဖမ်းဆီးရမိ စိတ်ကြွဆေးပြားများအား အဓိက သယ်ဆောင်ခိုင်းသူမှာ မော်ဘီမြို့နယ် အေးမေတ္တာကျေးရွာနေ ညီညီလွင်(ခ)ကိုညီ(ဖမ်းဆီးရန်ကျန်)ဖြစ်ပြီး ၎င်း၏စီမံမှုဖြင့် ဆင်ပေါင်ဝဲမြို့နယ် ငါးရံ့ချောင်းကျေးရွာနေ ဇင်ကိုလတ်(ဖမ်းဆီးရန်ကျန်)နှင့် ညောင်ဦးမြို့နယ် နတ်ပလင်ကျေးရွာနေ မင်းခန့်စိုး(ဖမ်းဆီး ရန်ကျန်)တို့မှ ပြည်မြို့တွင် တစ်ဆင့် လွှဲပြောင်းပေးခဲ့ကြောင်း သိရှိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ဟော်မုဇ်ရေလက်ကြားတွင် ကန်ဒေါ်လာ ၁၂၅ ဘီလီယံတန်ဖိုးရှိ ကုန်တင်သင်္ဘော ၁၂၀၀ ကျော် ပိတ်မိ

**လန်ဒန် ဇွန် ၂၄**

ဟော်မုဇ်ရေလက်ကြား ပိတ်မှုကြောင့် အမေရိကန်ဒေါ်လာ ၁၂၅ ဘီလီယံတန်ဖိုးရှိ ကုန်စည်တင်သင်္ဘော ၁၂၀၀ ကျော် ရပ်တန့် ပိတ်မိနေကြောင်း Allianz အာမခံကုမ္ပဏီ၏ နောက်ဆုံးထုတ်ပြန်ချက်ကို ဇွန် ၂၄ ရက်ထုတ် ဗြိတိန်အခြေစိုက် Financial Times နေ့စဉ် သတင်းစာတွင် ကိုးကားဖော်ပြထားသည်။

သို့သော်လည်း အဆိုပါ ဟော်မုဇ်ရေလက်ကြားပြန်ဖွင့်ရန် အမေရိကန် ပြည်ထောင်စုနှင့် အီရန်နိုင်ငံတို့အကြား သဘောတူညီမှု ရရှိကြောင်း ထုတ်ပြန်ကြေညာလိုက်ပြီးနောက် ပိတ်မိနေသော သင်္ဘောအသွားအလာများ တဖြည်းဖြည်း ပြန်လည်ကောင်းမွန်လာပြီဖြစ်ကြောင်း သိရသည်။

ရေကြောင်းနှင့် သင်္ဘောလိုင်းဆိုင်ရာ အချက်အလက်များကို စုဆောင်းတင်ပြသည့် ထိပ်တန်းသုတေသန အဖွဲ့အစည်း၏ အချက်အလက်များအရ ဇွန် ၂၁ ရက်တွင် အဆုံးသတ်သော သီတင်းတစ်ပတ်အတွင်း ပင်လယ်ကွေ့



အတွင်းမှ ထွက်ခွာသွားသည့် သင်္ဘောအစင်းရေ ၆၇ စင်းအထိရှိပြီး ယင်းမှာ ပြီးခဲ့သည့်သီတင်းပတ်က ၂၄ စင်းသာရှိရာမှ သိသာစွာမြင့်တက်လာခြင်းဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

## ပြည်ပရှိ ကားထုတ်လုပ်မှု တိုယိုတာကားကုမ္ပဏီ ထပ်မံလျှော့ချမည်

**တိုကျို ဇွန် ၂၄**

တိုယိုတာကားကုမ္ပဏီသည် ၂၀၂၇ ခုနှစ် ဖေဖော်ဝါရီလအထိ ပြည်ပရှိ ကားထုတ်လုပ်မှုတွင် ကားအစီးရေ ၁၀၀၀၀၀ ဝန်းကျင်အထိ လျှော့ချသွားရန် စီစဉ်ထားပြီး ယင်းသို့ ဆောင်ရွက်မှုသည် ယခင်က ထုတ်လုပ်မှုလျှော့ချခဲ့ခြင်းများထက် ပိုမိုများပြားလာကြောင်း နစ်ကီသတင်းစာတွင် ဇွန် ၂၃ ရက်က ဖော်ပြထားသည်။

အရှေ့အလယ်ပိုင်း ပဋိပက္ခကြောင့် ထောက်ပံ့ပို့ဆောင်ရေး လုပ်ငန်းများ အနှောင့်အယှက် ဖြစ်ပေါ်ခြင်းနှင့် စက်သုံးဆီဈေးနှုန်းများ မြင့်တက်လာခြင်းကြောင့် ကားဝယ်လိုအားလျော့ကျနေခြင်းကို အကြောင်းပြချက်အဖြစ် ထောက်ပြထားသည်။

အရှေ့အလယ်ပိုင်း ဒေသနှင့် အာရှနိုင်ငံများသို့ ရောင်းချရန် စီစဉ်ထားသည့် ဓာတ်ဆီသုံးကား မော်ဒယ်များ၏ ထုတ်လုပ်မှုကို အဓိက ပစ်မှတ်ထား၍ လျှော့ချသွားမည် ဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

## ဇွန်လနှောင်းပိုင်းတွင် ဥရောပနိုင်ငံအများအပြား၌ ပြင်းထန်သော အပူလှိုင်းကျရောက်

**ဘရပ်ဆဲလ် ဇွန် ၂၄**

ဇွန်လနှောင်းပိုင်းတွင် ဥရောပနိုင်ငံအများအပြား၌ ပြင်းထန်သော အပူလှိုင်းကျရောက်မှုဖြစ်ပေါ်ခဲ့သည်။ အပူလှိုင်းသည် ဥရောပအနောက်တောင်ပိုင်း နိုင်ငံများမှ ဥရောပမြောက်ပိုင်း နိုင်ငံများသို့ တဖြည်းဖြည်း ပျံ့နှံ့ရိုက်ခတ်ခဲ့သည်။ ဘယ်လ်ဂျီယံ၊ နယ်သာလန်၊ လူဇင်ဘတ် နိုင်ငံများကဲ့သို့ အနောက် ဥရောပ၏မြောက်ပိုင်း နိုင်ငံများ၌ အပူလှိုင်းသတိပေးချက်များထုတ်ပြန်ခဲ့ပြီး လိုအပ်သော အရေးပေါ်ဆောင်ရွက်မှုများ လုပ်ဆောင်ခဲ့သည်။

အနောက်ဥရောပ အပူလှိုင်းသည် လေဖိအားစနစ်ပြောင်းလဲမှုနှင့် လေစီးကြောင်းပုံစံပြောင်းလဲမှုတို့ကြောင့် ဖြစ်သော်လည်း အဓိကအကြောင်းရင်းသည် အပူကို ပိတ်လှောင်ထားသည့် Heat Dome အကျိုးသက်ရောက်မှုကြောင့်ဖြစ်ကြောင်း ဘယ်လ်ဂျီယံ တော်ဝင် မိုးလေဝသ အင်စတီကျူ အကြီးအကဲ ဒေးဗစ်ဒီဟီနေ့က ပြောကြားသည်။

ပြင်သစ်နှင့် စပိန်နိုင်ငံဒေသ အများအပြားတွင် ဖြစ်ပေါ်နေသော အပူချိန်သည် ဘယ်လ်ဂျီယံနိုင်ငံတွင် ဖြစ်ပေါ်နေသော အပူချိန်ထက် ပိုမိုပြင်းထန်မည်ဖြစ်ကြောင်း၊ သို့သော်လည်း လာမည့်ရက်အနည်းငယ်အတွင်း ဘယ်လ်ဂျီယံ၏အပူချိန်သည် ၃၉ ဒီဂရီဆဲလ်စီးယပ်အထိ ရောက်ရှိနိုင်ကြောင်း ၎င်းက ခန့်မှန်းထားသည်။ **ဆင်ဟွာ**

## နောက်ဆုံးရ နိုင်ငံတကာသတင်းတိုများ

### ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် လာအိုနှင့် ကမ္ဘောဒီးယား ဆွေးနွေး

လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှ တာဝန်ရှိသူများသည် စိုက်ပျိုးရေး၊ သစ်တောရေးရာနှင့် ရေလုပ်ငန်းကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ရန်၊ ရင်းနှီးမြှုပ်နှံမှု၊ စိုက်ပျိုးရေးထွက်ကုန် ကုန်သွယ်မှုနှင့် ပုဂ္ဂလိကကဏ္ဍပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်လာစေရန် ဇွန် ၂၂ ရက်က လာအိုနိုင်ငံ၏ မြို့တော် ဗီယင်ကျန်းတွင် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ **ဆင်ဟွာ**

### ယူဂန်ဒါ၌ အီဘိုလာရောဂါ ကူးစက်ခံရသူပေါင်း ၂၀ အထိ မြင့်တက်လာ

ယူဂန်ဒါနိုင်ငံ၌ အီဘိုလာကူးစက်ခံရသူတစ်ဦး ထပ်မံတွေ့ရှိခဲ့ပြီးနောက် ကူးစက်ခံရသူ စုစုပေါင်း ၂၀ အထိ ရှိလာကြောင်း၊ ပြန်လည်ကျန်းမာလာသူဦးရေမှာ ၁၅ ဦးအထိရှိလာပြီး ဆေးရုံမှ ဆင်းခွင့်ရရှိသွားပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက လူမှုကွန်ရက်ပလက်ဖောင်း X တွင် ဖော်ပြထားသည်။ **ဆင်ဟွာ**

### တောင်ကိုရီးယား၌ ကလေးမွေးဖွားမှုနှုန်း ၂၂ လဆက်တိုက် မြင့်တက်

တောင်ကိုရီးယားနိုင်ငံတွင် ကလေးမွေးဖွားမှုနှုန်းမှာ ၂၂ လဆက်တိုက် မြင့်တက်လာကြောင်း၊ ဧပြီလအတွင်း ကလေးမွေးဖွားမှုနှုန်းမှာ ယမန်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်လျှင် ၁၈ ဒသမ ၀ ရာခိုင်နှုန်း မြင့်တက်လာကြောင်း ဇွန် ၂၄ ရက်တွင် ထုတ်ပြန်သည့် စာရင်းအင်းဝန်ကြီးဌာန၏ အချက်အလက်များအရ သိရသည်။ **ဆင်ဟွာ**

### အိန္ဒိယ၌ ဆောက်လုပ်ဆဲကုန်လှောင်ရုံပြိုကျမှုကြောင့် သုံးဦးသေဆုံး

အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်၌ ဇွန် ၂၄ ရက်တွင် ဆောက်လက်စ ကုန်လှောင်ရုံတစ်လုံး ပြိုကျမှုဖြစ်ပွားခဲ့ရာ သုံးဦးသေဆုံးခဲ့ပြီး ၁၈ ဦး ဒဏ်ရာရရှိခဲ့သည်ဟု ပြည်နယ်ဝန်ကြီးချုပ် ဆူဗန်တူ အက်ဒီကာရီက ပြောကြားခဲ့သည်။ ထိခိုက်သေဆုံးဒဏ်ရာရရှိသူအားလုံးသည် ဆောက်လုပ်ရေးလုပ်ငန်းခွင်ရှိ အလုပ်သမားများဖြစ်ပြီး ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို အရေးပေါ်လုပ်ဆောင်လျက်ရှိသည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။ **ဆင်ဟွာ**

## ၂၀၂၆ ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲ

နာမည်ကြီး ဂျာမနီ၊ နယ်သာလန်နဲ့ အမေရိကန်တို့ ပါဝင်တဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စု ပွဲစဉ် (၃) ကို ဇွန် ၂၆ ရက် နံနက်ပိုင်းမှာ ဆက်လက်ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ နောက်တစ်ဆင့်တက်ရေး အဆုံးအဖြတ်ပွဲစဉ်တွေ ပါဝင်နေတာကြောင့် ရင်ခုန်စိတ်လှုပ်ရှားဖွယ် စောင့်ကြည့်သွားရမှာ ဖြစ်ပါတယ်။

### ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စုအဆင့် ပွဲစဉ် (၃)

| | | | |
|---|---|---|---|
| ကျူရာဆို | VS | အိုင်ဗရီကို့စ် | နံနက် ၂း၃၀ |
| အီကွေဒေါ | VS | ဂျာမနီ | နံနက် ၂း၃၀ |
| ဂျပန် | VS | ဆွီဒင် | နံနက် ၅း၃၀ |
| တူနီးရှား | VS | နယ်သာလန် | နံနက် ၅း၃၀ |
| ပါရာဂွေး | VS | ဩစတြေးလျ | နံနက် ၈း၃၀ |
| တူကီယဲ | VS | အမေရိကန် | နံနက် ၈း၃၀ |

JUN 26

# နောက်တစ်ဆင့်တက်ရေး ဂျပန်ကို နိုင်ပွဲရဖို့ ခြေကုန်ထုတ်လာမယ့် ဆွီဒင်

■ မိုးဇက်

### ကျူရာဆို VS အိုင်ဗရီကို့စ်

ကျူရာဆိုက အဖွင့်ပွဲမှာ ဂျာမနီကို ဂိုးပြတ်ရှုံးနိမ့်ထားပေမယ့် ဒုတိယပွဲစဉ်မှာ အီကွေဒေါကို သရေကစားပြီး သမိုင်းဝင် ပထမဆုံးကမ္ဘာ့ဖလား ရမှတ်ကို ရှာဖွေနိုင်ခဲ့တယ်။ အိုင်ဗရီကို့စ်က ဒီပွဲစဉ်မှာ သရေကျရုံနဲ့ နောက်တစ်ဆင့်တက်လှမ်းနိုင်မှာဖြစ်ပေမယ့် အုပ်စုဒုတိယနေရာကို သေချာပေါက်ရယူဖို့အတွက် အနိုင်ရဖို့ ကြိုးပမ်းလာမှာပါ။ ကျူရာဆိုရဲ့ ရုန်းအားကြောင့် အခက်တွေ့နိုင်ပေမယ့် အိုင်ဗရီကို့စ် နိုင်ဖွယ်ရာရှိတယ်။

| အုပ်စု (E) | ပွဲ | နိုင် | သရေ | ရှုံး | ရမှတ် |
|---|---|---|---|---|---|
| ၁။ ဂျာမနီ | ၂ | ၂ | ၀ | ၀ | ၆ |
| ၂။ အိုင်ဗရီကို့စ် | ၂ | ၁ | ၀ | ၁ | ၃ |
| ၃။ အီကွေဒေါ | ၂ | ၀ | ၁ | ၁ | ၁ |
| ၄။ ကျူရာဆို | ၂ | ၀ | ၁ | ၁ | ၁ |

**ကမ္ဘာ့ဖလားပြိုင်ပွဲ ပွဲစဉ် (၂) ရလဒ်**

အီကွေဒေါ ၀-၀ ကျူရာဆို
ဂျာမနီ ၂-၁ အိုင်ဗရီကို့စ်

### ဂျပန် VS ဆွီဒင်

နောက်တစ်ဆင့်တက်ဖို့ အဆုံးအဖြတ်ပွဲစဉ်အဖြစ်ရှိနေတာကြောင့် ပြိုင်ဆိုင်မှု ပြင်းထန်လာမှာ သေချာတယ်။ ဒီပွဲစဉ်မှာ ဂျပန်က သရေကျရုံနဲ့ နောက်တစ်ဆင့် တက်လှမ်းနိုင်မှာ ဖြစ်တယ်။ အီဆက်၊ ယိုကာရက်စ်စတဲ့ ကမ္ဘာ့အဆင့်ထိပ်တန်းကစားသမားတွေ အများအပြားပိုင်ဆိုင်ထားတဲ့ ဆွီဒင်အသင်းအနေနဲ့ ခြေစွမ်းအကောင်းဆုံးပုံစံ ရနေတဲ့ ဂျပန်ကို အနိုင်ယူဖို့ မလွယ်ကူတဲ့ အခြေအနေမှာရှိတယ်။

| အုပ်စု (F) | ပွဲ | နိုင် | သရေ | ရှုံး | ရမှတ် |
|---|---|---|---|---|---|
| ၁။ နယ်သာလန် | ၂ | ၁ | ၁ | ၀ | ၄ |
| ၂။ ဂျပန် | ၂ | ၁ | ၁ | ၀ | ၄ |
| ၃။ ဆွီဒင် | ၂ | ၁ | ၀ | ၁ | ၃ |
| ၄။ တူနီးရှား | ၂ | ၀ | ၀ | ၂ | ၀ |

**ကမ္ဘာ့ဖလားပြိုင်ပွဲ ပွဲစဉ် (၂) ရလဒ်**

တူနီးရှား ၀-၄ ဂျပန်
နယ်သာလန် ၅-၁ ဆွီဒင်

### တူနီးရှား VS နယ်သာလန်

နယ်သာလန်က ဒီပွဲစဉ်မှာ သရေကျရုံနဲ့ ၃၂ သင်းအဆင့် တက်လှမ်းနိုင်မှာ ဖြစ်တယ်။ ဒီအုပ်စုမှာ တူနီးရှားက တိုက်စစ်နဲ့ ခံစစ်အဆိုးရွားဆုံးအသင်းအဖြစ်ရှိနေတယ်။ ဒါ့အပြင် တူနီးရှားက ဒီပွဲစဉ်မှာ သိက္ခာဆယ်ရလဒ်တစ်ခု ရရှိဖို့သာ အာရုံစိုက်ကစားလာမှာ ဖြစ်တယ်။ အုပ်စုပထမနေရာနဲ့ နောက်တစ်ဆင့်တက်လှမ်းဖို့ ကြိုးပမ်းလာမယ့် နယ်သာလန်အသင်း တူနီးရှားအသင်းကို ဂိုးပြတ်အနိုင်ယူဖွယ်ရှိတယ်။

| အုပ်စု (F) | ပွဲ | နိုင် | သရေ | ရှုံး | ရမှတ် |
|---|---|---|---|---|---|
| ၁။ နယ်သာလန် | ၂ | ၁ | ၁ | ၀ | ၄ |
| ၂။ ဂျပန် | ၂ | ၁ | ၁ | ၀ | ၄ |
| ၃။ ဆွီဒင် | ၂ | ၁ | ၀ | ၁ | ၃ |
| ၄။ တူနီးရှား | ၂ | ၀ | ၀ | ၂ | ၀ |

**ကမ္ဘာ့ဖလားပြိုင်ပွဲ ပွဲစဉ် (၂) ရလဒ်**

နယ်သာလန် ၅-၁ ဆွီဒင်
တူနီးရှား ၀-၄ ဂျပန်

### ပါရာဂွေး VS ဩစတြေးလျ

၃၂ သင်းအဆင့် တက်လှမ်းဖို့ အဆုံးအဖြတ်ပွဲစဉ်ဖြစ်တာကြောင့် အကြိတ်အနယ်ရှိလာမှာ သေချာတယ်။ ဩစတြေးလျက သရေကစားရုံနဲ့ ၃၂ သင်းအဆင့်ကို အုပ်စု ဒုတိယနဲ့ တက်လှမ်းနိုင်မှာ ဖြစ်တယ်။ ပြိုင်ဘက် ပါရာဂွေးက နိုင်ပွဲရမှ နောက်တစ်ဆင့်ကို အုပ်စု ဒုတိယနဲ့ တက်လှမ်းနိုင်မှာဖြစ်တယ်။ ခံစစ်ပိုင်း အားနည်းတတ်တဲ့ ပါရာဂွေးအသင်းထက် ဩစတြေးလျအသင်း နိုင်ပွဲရယူပြီး နောက်တစ်ဆင့် တက်လှမ်းသွားဖွယ်ရှိတယ်။

| အုပ်စု (D) | ပွဲ | နိုင် | သရေ | ရှုံး | ရမှတ် |
|---|---|---|---|---|---|
| ၁။ အမေရိကန် | ၂ | ၂ | ၀ | ၀ | ၆ |
| ၂။ ဩစတြေးလျ | ၂ | ၁ | ၀ | ၁ | ၃ |
| ၃။ ပါရာဂွေး | ၂ | ၁ | ၀ | ၁ | ၃ |
| ၄။ တူကီယဲ | ၂ | ၀ | ၀ | ၂ | ၀ |

**ကမ္ဘာ့ဖလားပြိုင်ပွဲ ပွဲစဉ် (၂) ရလဒ်**

တူကီယဲ ၀-၁ ပါရာဂွေး
အမေရိကန် ၂-၀ ဩစတြေးလျ



## သံတောင်ကြီးမြို့နယ် ပျားစခန်းကျေးရွာ၌ စားသုံးမှိုထုတ်လုပ်စိုက်ပျိုးခြင်း သင်တန်းဖွင့်

**သံတောင်ကြီး ဇွန် ၂၄**

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ စားသုံးမှို ထုတ်လုပ်စိုက်ပျိုးခြင်းသင်တန်းကို ယမန်နေ့က ပျားစခန်းကျေးရွာ ကုန်းမြင့်သာကျမ်းစာသင်တန်းကျောင်းဝင်း၌ ဖွင့်လှစ်ရာ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးသိန်းထိုက်မင်းက အမှာစကား ပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးသိန်းထိုက်မင်းနှင့် မှိုတာဝန်ခံတို့က လက်တွေ့သရုပ်ပြ စိုက်ပျိုးပြသပေးခဲ့ကြောင်း သိရသည်။

**နော်နော်မူ**



ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)မှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးစိုးသန်းနှင့် တာဝန်ရှိသူများက ဇွန် ၂၂ ရက်တွင် ညောင်ဦးမြို့နယ် မြင်းကပါကျေးရွာ၌ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးသည့် ကျေးလက်ရေရရှိရေးလုပ်ငန်းကို ကွင်းဆင်းကြည့်ရှု စစ်ဆေးစဉ်။ ရဲဝင်းနိုင်(ညောင်ဦး)

## ပုဗ္ဗသီရိမြို့နယ်၌ အခွန်ဆိုင်ရာ အသိပညာပေးဆွေးနွေး

**နေပြည်တော် ဇွန် ၂၄**

နေပြည်တော် သီရိငါးမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးက အခွန်ပညာပေး ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ပုဗ္ဗသီရိမြို့နယ် အထွေထွေအုပ်ချုပ် ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အတွင်းရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးရန်နိုင်က အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုနယ်မြေ အခွန်ဦးစီးဌာနမှူးရုံး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မာမာသင်းက အခွန်နှင့်ပတ်သက်၍ သိရှိရမည့် ကိစ္စရပ်များနှင့် လိုက်နာဆောင်ရွက်ရမည့် ဥပဒေများ၊ လုပ်ငန်းစဉ်နှင့် လုပ်ထုံးလုပ်နည်းများ၊ ပြေစာများအပေါ်တွင် အခွန် အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များကို ရှင်းလင်း ဆွေးနွေးပြီး အဆိုပါဆွေးနွေးပွဲသို့ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် လုပ်ငန်းရှင်စုစုပေါင်း ၁၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**အောင်ကို (ပုဗ္ဗသီရိ)**



**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့်**
**လျှပ်စစ်ကို ချွေတာပါ။**
**လျှပ်စစ်ကိုချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ**
**ကျသင့်ခြင်းမှ ရှောင်ရှားပါ။**

## လပွတ္တာမြို့၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ကောက်ယူခြင်း ဆောင်ရွက်

**လပွတ္တာ ဇွန် ၂၄**

နိုင်ငံသားစိစစ်ရေးကတ်ပြုလုပ်ပေးခြင်းနှင့် ဇီဝဆိုင်ရာအချက်အလက် များ ကောက်ယူခြင်းကို လပွတ္တာမြို့နယ် ကြာကန်ကျေးရွာ အထက (ကြာကန်)ကျောင်း၌ ယနေ့နံနက်ပိုင်းက ပြုလုပ်ရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကိုကိုလှိုင်၊ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူးနှင့် အဖွဲ့ဝင်များက ကျောင်းသား ကျောင်းသူ ၁၄၉ ဦး၏ နိုင်ငံသားစိစစ်ရေးကတ်နှင့် ဇီဝဆိုင်ရာအချက် အလက်ကောက်ယူခြင်းကို နေ့ချင်းပြီး ကွင်းဆင်းဆောင်ရွက်ပေးခဲ့ ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## မိုင်းဆတ်မြို့၌ လူငယ်ရေးရာ အသိပညာပေးဟောပြော

**မိုင်းဆတ် ဇွန် ၂၄**

မိုင်းဆတ်ခရိုင် လူငယ်ရေးရာ ကော်မတီက ကြီးမှူး၍ လူငယ် ရေးရာ အသိပညာပေးဟောပြော



ပွဲကို ယနေ့ နံနက်ပိုင်းက အခြေခံ ပညာ အထက်တန်းကျောင်း (မိုင်းဆတ်) ခန်းမဆောင်၌ ကျင်းပရာ ခရိုင်လူငယ်ရေးရာ ကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ် ရေးမှူး ဦးစိုးစိုးရွှေက အမှာစကား ပြောကြားသည်။

ထို့နောက် ခရိုင်ဥပဒေအရာရှိ ဦးနိုင်လင်းက လူငယ်နှင့်ဥပဒေ၊ မြို့နယ်အုပ်ချုပ်ရေးမှူးက လူငယ်နှင့် စည်းကမ်း၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စုမှ ဒုတိယရဲမှူးက လူကုန်ကူးမှုနှင့် လူမှောင်ခို၊ ခရိုင်ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မှ ခရိုင်ဦးစီးမှူးက လူငယ်နှင့် အောင်မြင်ရေး၊ ခရိုင်အားကစား နှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက လူငယ်နှင့်ကာယပညာ စသည့် ခေါင်းစဉ်ဖြင့် ဟောပြောခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## အခွန်ဆိုင်ရာ အသိပညာပေးဆွေးနွေး

**ပွင့်ဖြူ ဇွန် ၂၄**

ပွင့်ဖြူမြို့နယ်တွင် အခွန်ထမ်းလုပ်ငန်းရှင်များအား အခွန်ဆိုင်ရာ အသိ ပညာပေးရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်း မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဗိုလ်ဥတ္တမခန်းမ၌ ကျင်းပရာ မြို့နယ်အခွန်ဘဏ္ဍာ တိုးတက်ကောက်ခံရရှိရေး အထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌက အမှာ စကားပြောကြားသည်။

ထို့နောက် မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးခိုင်လင်းကိုက တည်ဆဲ အခွန်ဆိုင်ရာဥပဒေများ၊ ကျသင့်ကုန်သွယ်လုပ်ငန်းခွန်၊ အခွန်အမှတ် တံဆိပ်သတ်မှတ်ချက်၊ ပြေစာများပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်



ခြင်းပြဋ္ဌာန်းချက်များအား လိုက်နာရမည့်အချက်များနှင့် ပြစ်ဒဏ်များ စသည့်အကြောင်းအရာများကို ရှင်းလင်းဆွေးနွေးပြီး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။ **လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)**

## နိုင်ငံသားစိစစ်ရေးနှင့် UID ကတ်များ ဆောင်ရွက်ပေး



**ဒိုက်ဦး ဇွန် ၂၄**

ဒိုက်ဦးမြို့နယ် ကျိုက်စကောအမှတ်(၂) အခြေခံပညာအထက်တန်း ကျောင်း၌ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID ကတ်များကို လူဝင်မှု ကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ တာဝန် ရှိသူများက ယနေ့နံနက်ပိုင်းက ဆောင်ရွက်ပေးရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးလှမြင့်၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့ အင်အားဝန်ကြီးဌာန၊ ခရိုင်ဦးစီးမှူးနှင့်တာဝန်ရှိသူများက ကြည့်ရှု အားပေးပြီး နိုင်ငံသားစိစစ်ရေးကတ်များကို ကျောင်းသား ကျောင်းသူ များထံ လက်ဝယ်အရောက် ပေးအပ်ခဲ့သည်။ **စိုးထက်ကျော်(ပြန်/ဆက်)**

## ငပုတောမြို့နယ်၌ သွင်းအားစုဓာတ်မြေဩဇာများနှင့် မိုးစပါးမျိုးစေ့ ထောက်ပံ့ပေးအပ်

**ငပုတော ဇွန် ၂၄**

ငပုတောမြို့နယ် သက္ကယ်ချောင်းကျေးရွာ၌ တောင်သူများအား သွင်းအားစုဓာတ်မြေဩဇာများနှင့် မိုးစပါးမျိုးစေ့ ထောက်ပံ့ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပရာ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက် မြင့်မားစေရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဆန်းဦးက အမှာစကား ပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးဆန်းဝင်းက အခမ်းအနား ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားစေရေး ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ အစီအစဉ်ဖြင့် ဧက ၄၀၀၀ တွင် ပါဝင်ဆောင်ရွက်ကြမည့် တောင်သူများ



အား သွင်းအားစုဓာတ်မြေဩဇာများနှင့် ပေါ်ဆန်းရင် မိုးစပါးမျိုးစေ့ များကို ပေးအပ်ခဲ့ကြောင်း သိရသည်။ **အောင်သူ(ပြန်/ဆက်)**

## တောင်ငူမြို့ အထက(၂)၌ လူငယ်စကားဝိုင်းကျင်းပ

**တောင်ငူ ဇွန် ၂၄**

တောင်ငူမြို့ အထက (၂) ဆရာကွန်းခန်းမ၌ ယနေ့နံနက်ပိုင်းက လူငယ်



စကားဝိုင်းကျင်းပရာ ကျောင်းအုပ်ကြီး ဒေါ်ကြည်ကြည်ခိုင်က အမှာ စကားပြောကြားပြီး တောင်ငူခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေမိုးက လူငယ် စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြား သည်။ ဆက်လက်၍ လူငယ်စကားဝိုင်းကို ကျင်းပရာ လက်ထောက် ညွှန်ကြားရေးမှူးက စေ့စပ်ညှိနှိုင်းသူအဖြစ် ဆောင်ရွက်ပြီး ကျောင်းသား လေးဦးက လူငယ်နှင့်စာဖတ်ခြင်း၊ လူငယ်နှင့် မူးယစ်ဆေးဝါး၊ လူငယ် နှင့်ပေါင်းသင်းဆက်ဆံရေး၊ လူငယ်နှင့် ကျန်းမာရေး စသည့်ခေါင်းစဉ် များဖြင့် ဆွေးနွေးကြသည်။

**ဇော်ကိုကို(တောင်ငူ)**

# သတိထားစောင့်ကြည့်ရတော့မည့် မူးယစ်ဆေးဝါးချက်လုပ်မှုနှင့် ဓာတုပစ္စည်းအန္တရာယ်

**ကိုကိုချွန်(မော်လမြိုင်)**

မြန်မာနိုင်ငံသည် ကမ္ဘာ့နိုင်ငံများနည်းတူ မူးယစ်ဆေးဝါးပြဿနာကို ခံစားနေရသော နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ လက်ရှိ မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးပြဿနာကို ပြန်လည်ဆန်းစစ်ပါက မူးယစ်ဆေးဝါးသုံးစွဲမှု၊ မူးယစ်ဆေးဝါး ထုတ်လုပ်မှု၊ သယ်ဆောင်ရောင်းဝယ်မှုများနှင့် မူးယစ်ဆေးဝါးတစ်ဆင့်ခံ သယ်ဆောင်ရောင်းဝယ်မှုများကို ကြုံတွေ့ခံစားနေကြရပါသည်။ လူငယ်ထုအတွင်း မူးယစ်ဆေးဝါး စမ်းသပ်သုံးစွဲရာမှ မူးယစ်ဆေးဝါး ဆေးစွဲသည့်အဆင့်သို့ ရောက်ရှိမှုများကိုလည်း ကြုံတွေ့နေရပါသည်။

လူငယ်ထုအတွင်း အသိပညာမပြည့်စုံသေးသဖြင့် မူးယစ်ဆေးဝါး စမ်းသပ်သုံးစွဲမှုများ ရှိနေသကဲ့သို့ လူလတ်ပိုင်းအတွင်း ယနေ့ပေါ်ပြူလာဖြစ်နေသော စိတ်ပြောင်းဆေးဝါးတစ်မျိုးဖြစ်သည့် Happy Water သုံးစွဲမှုများကိုလည်း မြင်တွေ့ကြားသိနေရပါသည်။ Happy Water သည် မည်သည့်ဆိုးကျိုးမှ ဖြစ်ပေါ်နိုင်ခြင်းမရှိဆိုသည့် အယူအဆအလွဲများဖြင့် သုံးစွဲနေကြသည်ကို စိတ်မကောင်းစွာ တွေ့မြင်နေရပါသည်။

**Happy Water ဆိုသည်မှာ မြန်မာနိုင်ငံအတွင်း တွေ့ရှိနေရသည့် မူးယစ်ဆေးဝါးအမျိုးအစားအားလုံးကို အတိုင်းအဆမရှိ၊ အချိန်အဆမရှိ ရောနှောကာ ရောင်းချနေသော စိတ်ပြောင်းဆေးဝါးပင်ဖြစ်ပါသည်။ အသိပညာ၊ ဗဟုသုတနှင့် ဆင်ခြင်ဆုံးဖြတ်နိုင်စွမ်းနည်းပါးသော လူငယ်နှင့် လူလတ်ပိုင်းအရွယ်များကို မြင်တွေ့နေရသည်မှာ ဝမ်းနည်းဖွယ်ရာတစ်ခု ဖြစ်ပါသည်။**

မူးယစ်ဆေးဝါး ထုတ်လုပ်မှုအပိုင်းတွင် အကြောင်းအမျိုးမျိုးပြကာ ငြိမ်းချမ်းရေးကို လိုလားခြင်းမရှိသော လက်နက်ကိုင်အဖွဲ့အမျိုးမျိုးတို့၏ မတော်လောဘကို မြင်တွေ့နိုင်ပါသည်။ မူးယစ်ဆေးဝါးထုတ်လုပ်ခြင်း၊ ထုတ်လုပ်ရာနေရာများမှ ပြည်တွင်းသယ်ယူပို့ဆောင်ခြင်းနှင့် နိုင်ငံအတွင်းမှ အခြား နိုင်ငံတစ်ခုခုသို့ သယ်ယူပို့ဆောင်နေမှုများမှာလည်း ထိုအဖွဲ့များ၏ ပါဝင်ပတ်သက်မှုပင် ဖြစ်ပါသည်။ နိုင်ငံတော်အတွင်း ဖြစ်ပေါ်နေသည့် နယ်မြေလုံခြုံရေးဆိုင်ရာ ပြဿနာများသည် ထိုအဖွဲ့များအတွက် မူးယစ်ဆေးဝါး တိုးမြှင့်ထုတ်လုပ်ရန် အခွင့်ရေးကောင်းတစ်ခု ဖြစ်နေပါသည်။ ပြည်တွင်းသယ်ယူပို့ဆောင်၊ ဖြန့်ဖြူးနေမှုများမှာလည်း ၎င်းတို့၏ ထိန်းချုပ်မှုအောက်တွင်ရှိနေကြောင်း ဖမ်းဆီးရမိမှုများမှ သိရပါသည်။

မူးယစ်ဆေးဝါးထုတ်လုပ်၊ သယ်ဆောင်ရာမှ ရရှိလာသော အကျိုးအမြတ်များသည် အခြားမည်သည့်စီးပွားရေးလုပ်ငန်းများထက်မဆို ဝင်ငွေပိုမိုရရှိနေသဖြင့် ရရှိလာသော အမြတ်အစွန်းများသည်ပင် ယင်းအဖွဲ့များ၏ အဖျက်အမှောင့်လုပ်ငန်းများအတွက် အရင်းအမြစ်များ ဖြစ်နေပါသည်။ အဖျက်အမှောင့်လုပ်ငန်းများကို တိုးမြှင့်လုပ်ဆောင်ခြင်းဖြင့် နယ်မြေတည်ငြိမ်အေးချမ်းမှု မရှိအောင် ဆောင်ရွက်ကာ မူးယစ်ဆေးဝါးထုတ်လုပ်မှုများကို တိုးမြှင့်လုပ်ဆောင်နေလျက်ရှိပါသည်။



မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသော ပစ္စည်းကိရိယာများနှင့် ဓာတုပစ္စည်းများ။

၂၀၂၆ ခုနှစ် ဇန်နဝါရီလတွင် သီပေါမြို့နယ်နှင့် မိုင်းရယ်မြို့နယ်ကြားရှိ မိုင်းခေးတောင်ကြောတစ်လျှောက် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ ပူးပေါင်းပြီး သတင်းအရနယ်မြေရှင်းလင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ မူးယစ်ဆေးဝါးဆေးချက်စခန်း ၁၃ ခုကို ဖော်ထုတ်ဖမ်းဆီးကာ ဖျက်ဆီးနိုင်ခဲ့ပါသည်။ ထိုနေရာများမှ မူးယစ်ဆေးဝါးများ၊ ချက်လုပ်သည့် ပစ္စည်းကိရိယာများ၊ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုနေသည့် ဓာတုပစ္စည်းအမြောက်အမြားကို ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပြီး ဖမ်းဆီးရမိဓာတုပစ္စည်းများကို မူးယစ်ဆေးဝါးအဖြစ် ချက်လုပ်ခဲ့ပါက မြန်မာငွေကျပ်ဘီလီယံ ၈၀၀၀ ကျော်ခန့်ရှိနိုင်ပါသည်။ ထိုစခန်းအသီးသီးတွင် တွေ့ရှိရသော သက်သေအထောက်အထားများအရ မူးယစ်ဆေးဝါးချက်လုပ်မှုတွင် လက်နက်ကိုင်အဖွဲ့များ၏ ပါဝင်ပတ်သက်မှုများကို တွေ့ရှိရပါသည်။

ဤနေရာတွင် မူးယစ်ဆေးဝါးချက်လုပ်ရာ၌ အသုံးပြုနေသည့် ထုထည်ပမာဏကြီးမားသော ပစ္စည်းကိရိယာများနှင့် ဓာတုပစ္စည်းအမြောက်အမြားသည် ထိုချက်လုပ်ရာနေရာများသို့ မည်သည့်နည်းလမ်းများဖြင့် ရောက်ရှိလာသည်ကို စဉ်းစားရန်လိုအပ်ပါသည်။ မူးယစ်ဆေးဝါးချက်လုပ်နေသည့် နယ်မြေများနှင့် ဆက်စပ်နယ်မြေများသည် လက်နက်ကိုင်အဖွဲ့အသီးသီးတို့၏ ထိန်းချုပ်ထားရာ နယ်မြေများဖြစ်ပြီး နိုင်ငံတော်အစိုးရက ထိန်းချုပ်ထားနိုင်သည့် အခြေအနေမရှိသဖြင့် အတိုင်းအဆ၊ အတားအဆီးမရှိ ဝင်ရောက်နေကြောင်း တွေ့ရှိရပါသည်။

မူးယစ်ဆေးဝါး ချက်လုပ်ရာပညာရှင်များ၊ အလုပ်သမားများမှာလည်း နိုင်ငံခြားသားများဖြစ်ပြီး နိုင်ငံအတွင်းသို့ အလွယ်တကူ ဝင်ရောက်ကာ ချက်လုပ်နေသည်ကို သိရှိရပါသည်။ ထို့ပြင် လူ့အသုံးအဆောင်ပစ္စည်းများသည်ပင် နိုင်ငံအတွင်း သုံးစွဲနေသည့်ပစ္စည်းများမဟုတ်ဘဲ အခြားနိုင်ငံများ၌ အသုံးပြုနေသည့် ပစ္စည်းများဖြစ်နေသည်ကို တွေ့ရှိခဲ့ရပါသည်။

မူးယစ်ဆေးဝါးချက်လုပ်ရာ ပစ္စည်းကိရိယာများမှာ နိုင်ငံအတွင်းမှ ထုတ်လုပ်သုံးစွဲနေသည့် ပစ္စည်းကိရိယာများမဟုတ်ဘဲ အိမ်နီးချင်းနိုင်ငံများမှ နယ်စပ်ဖြတ်ကျော်ကာ ဝင်ရောက်လာခြင်း ဖြစ်ပါသည်။ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဓာတုပစ္စည်းများမှာလည်း အတားအဆီးမရှိသည့် နယ်စပ်ဒေသ တိုင်းရင်းသားလက်နက်ကိုင်တို့၏ နယ်မြေအတွင်းမှ ဝင်ရောက်လာခြင်းဖြစ်သည်ကို တွေ့ရပါသည်။ မူးယစ်ဆေးဝါးချက်လုပ်ရာ ပစ္စည်းကိရိယာများမှာ လွန်စွာကြီးမားပြီး လိုအပ်သည့် ဓာတုပစ္စည်း အမြောက်အမြားမှာလည်း နယ်စပ်ဒေသနှင့် လက်နက်ကိုင်တို့ ကြီးစိုးထားရာ နယ်မြေများကို ဖြတ်သန်းပြီး ချက်လုပ်ရာနေရာများသို့ ရောက်ရှိလာခြင်း ဖြစ်ပါသည်။ သယ်ယူပို့ဆောင်ရေး လမ်းတစ်လျှောက်တွင်လည်း လက်နက်ကိုင်အဖွဲ့အသီးသီးတို့က စစ်ဆေးရေးဂိတ်အမျိုးမျိုးကို ဖွင့်လှစ်ထားသည့်အတွက် ထိုပစ္စည်းများ မည်သို့မည်ပုံရောက်ရှိလာသည်၊ မည်သူတို့ပါဝင်ပတ်သက်နေသည်ကို နိုင်ငံသားတိုင်း နားလည်နိုင်ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်နေပြီး မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်သူများ၊ ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုနိုင်သည့် ပစ္စည်းကိရိယာများနှင့် ဓာတုပစ္စည်းများ သယ်ယူရောင်းဝယ်မှုများကို မူးယစ်ဥပဒေအရ တင်းကျပ်စွာ တားဆီးထားပါသည်။ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုနိုင်သည့် ဓာတုပစ္စည်း ၆၁ မျိုးကို ထိန်းချုပ်ထားပြီး စက်မှုလုပ်ငန်းများတွင် အသုံးပြုနိုင်ရန် အကန့်အသတ်ဖြင့် ခွင့်ပြုပေးထားပါသည်။

မူးယစ်ဆေးဝါးချက်လုပ်သူများသည် တားမြစ်ထားသော ဓာတုပစ္စည်းများကို အစိုးရထိန်းချုပ်မှု အားနည်းသည့် နယ်စပ်ဒေသများမှ တရားမဝင် ဝယ်ယူတင်သွင်းခြင်းဖြစ်ပြီး မူးယစ်ဆေးဝါး ချက်လုပ်မှုများတွင် အသုံးပြုနေကြပါသည်။ မြန်မာနိုင်ငံသည် အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းပြီး ဓာတုပစ္စည်းများထိန်းချုပ်ရေးကို တိုးမြှင့်ဆောင်ရွက်လာသဖြင့် မူးယစ်ဆေးဝါးချက်လုပ်သူများသည် ထိန်းချုပ်ဓာတုပစ္စည်းများကို အသုံးပြုခြင်းမရှိဘဲ အခြားနည်းလမ်းများဖြင့် ချက်လုပ်ရန် ကြိုးပမ်းလာကြပါသည်။

မူးယစ်ဆေးဝါးချက်လုပ်သည့် စခန်း ၁၃ ခုတွင် တွေ့ရှိရသော ဓာတုပစ္စည်းများကို ကြည့်ပါက ထိန်းချုပ်ထားသော ဓာတုပစ္စည်းအမျိုးအစား အနည်းငယ်ကိုသာ တွေ့ရှိရပါသည်။ ထိန်းချုပ်ထားသော ဓာတုပစ္စည်းများမှာ စက်မှုလုပ်ငန်းများအတွက် ပြည်တွင်းအသုံးပြုရန် အကန့်အသတ်ဖြင့်သာ ခွင့်ပြုထားသဖြင့် မူးယစ်ဆေးဝါးချက်လုပ်ရာနေရာများသို့ လမ်းလွှဲရောက်ရှိရန် အခွင့်အလမ်းလွန်စွာနည်းပါးပါသည်။ သို့သော် စက်မှုလုပ်ငန်းများတွင် အသုံးပြုနိုင်ရန် နိုင်ငံတော်က ခွင့်ပြုပေးထားသည့် ထိန်းချုပ်ထားခြင်းမရှိသော ဓာတုပစ္စည်းအမျိုးအစား အမြောက်အမြားကို တွေ့ရှိခဲ့ရပါသည်။

ထိုမူးယစ်ဆေးချက်စခန်းများတွင် တွေ့ရှိခဲ့သည့် ထိန်းချုပ်ထားခြင်းမရှိသော ဓာတုပစ္စည်းများဖြင့် ပြည်ပပညာရှင်များ၏ အကူအညီကိုရယူကာ နည်းလမ်းအသစ်များဖြင့် ချက်လုပ်နေသည်မှာ မလွဲကေန်ဖြစ်ပါသည်။

**မူးယစ်ဆေးချက်စခန်းများမှ ဖမ်းဆီးရမိသော ထိန်းချုပ်ဓာတုပစ္စည်းများ**

| စဉ် | အမျိုးအမည် | မှတ်ချက် |
|---|---|---|
| ၁ | Alpha-Acetyl phenyl acetonitrile (APAAN) | |
| ၂ | Acetic Anhydride | |
| ၃ | Acetone (Propanone) | |
| ၄ | Ammonium Nitrate | |
| ၅ | Caffeine | |
| ၆ | Di-ethyl Ether | |
| ၇ | Hydrochloric Acid | |
| ၈ | 1-Phenyl-2-Propanone | |
| ၉ | Sulphuric Acid | |
| ၁၀ | Tartaric Acid/ D-Tartaric Acid | |
| ၁၁ | Thionyl chloride | |
| ၁၂ | Toluene | |
| ၁၃ | Ammonium Nitrate | |

- ❖ Happy Water **ဆိုသည်မှာ မြန်မာနိုင်ငံအတွင်း တွေ့ရှိနေရသည့် မူးယစ်ဆေးဝါး အမျိုးအစားအားလုံးကို အတိုင်းအဆမရှိ၊ အချိန်အဆမရှိ ရောနှောကာ ရောင်းချနေသော စိတ်ပြောင်းဆေးဝါးပင်ဖြစ်ပါသည်။ အသိပညာ၊ ဗဟုသုတနှင့် ဆင်ခြင်ဆုံးဖြတ်နိုင်စွမ်းနည်းပါးသော လူငယ်နှင့် လူလတ်ပိုင်းအရွယ်များကို မြင်တွေ့နေရသည်မှာ ဝမ်းနည်းဖွယ်ရာတစ်ခုဖြစ်**
- ❖ **မူးယစ်ဆေးဝါးပြဿနာသည် တစ်ဦးတစ်ယောက်တည်းကိုသာ ထိခိုက်စေသည်မဟုတ်ဘဲ ပတ်သက်ဆက်နွှယ်နေသူအားလုံးကို ထိခိုက်စေပါသည်။ နိုင်ငံတစ်ခုတည်းကိုသာ ထိခိုက်စေသည်မဟုတ်ဘဲ နိုင်ငံအားလုံးကို ထိခိုက်စေလျက်ရှိပါသည်။ နယ်နိမိတ်မရှိ၊ ကျား/မ ခွဲခြားမှုမရှိ၊ ကိုးကွယ်ရာ ဘာသာခွဲခြားမှုမရှိဘဲ လူသားအားလုံးကို ထိခိုက်စေသော ပြဿနာဖြစ်ပါသည်။ သုံးစွဲသူ/ထုတ်လုပ်သူမှသည် ပတ်ဝန်းကျင်သို့လည်းကောင်း၊ ပတ်ဝန်းကျင်မှသည် မြို့၊ ရွာ၊ ပြည်နယ်၊ နိုင်ငံများအထိပါ ကြီးစွာထိခိုက်စေလျက်ရှိ**

စာမျက်နှာ ၁၇ သို့

# “ပိုးစုန်းကြူးလေး” လက်ဆင့်ကမ်း တေးဂီတဖျော်ဖြေပွဲ မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

**နေပြည်တော် ဇွန် ၂၄**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် ပြည်သူများ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်ရည်ရွယ်ပြီး Friday Night Live Show တေးဂီတဖျော်ဖြေပွဲများကို ဆန်းသစ် တင်ဆက်ပေးလျက်ရှိရာ ဇွန် ၂၆ ရက်၊ သောကြာနေ့ညပိုင်းတွင် “ပိုးစုန်းကြူးလေး” လက်ဆင့်ကမ်း တေးဂီတဖျော်ဖြေပွဲကို တိုက်ရိုက် (Live) ရိုက်ကူးထုတ်လွှင့်ပြသမည်ဖြစ်သည်။

“ပိုးစုန်းကြူးလေး” လက်ဆင့်ကမ်း တေးဂီတဖျော်ဖြေပွဲကို မြန်မာ့အသံတေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ မြန်မာ့အသံဓာတ်ပြားရနာမည်ကျော် တေးသံရှင်များဖြစ်ကြသည့် အောင်ကိုကို၊ ဝင်းသိန်း၊ ဝေမိုး၊ မျိုးထက်၊ တက္ကသိုလ်ကိုကိုဇော်၊ အယ်နီသိန်း၊ ခင်ထွေးမော်၊ ချိုမာလေး၊ မြမြသက်၊ စိမ်းသက်မာတို့က နာမည်ရတေးသံရှင်များဖြစ်ကြသည့် ဇော်ထွေးလတ်၊ ချမ်းဟိန်းဝင်းထွန်း၊ ကောင်းမိုးယံ၊ မင်းသော်ခ၊ စဝ်ဝဏ္ဏကျော်စွာ၊ ကျော့ကေခိုင်၊ အိအိလှိုင်၊ ချစ်စုစံ၊ အညို၊ မြတ်ဆုခြယ်တို့နှင့်အတူ အောင်မြင်ကျော်ကြားခဲ့သည့် ချစ်ခြင်းမေတ္တာဖွဲ့ ရေဒီယိုတေးသံသာသီချင်းများကို လက်ဆင့်ကမ်းဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

အဆိုပါ တေးဂီတဖျော်ဖြေပွဲကို မြန်မာ့ရုပ်မြင်သံကြား၏ MRTV-HD Channelနှင့် MRTV Entertainment Channel တို့မှ ဇွန် ၂၆ ရက်၊ သောကြာနေ့ ည ၉ နာရီခန့်တွင် တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမှုနှင့်အတူ MRTV App နှင့် MRTV Telegram တို့မှလည်း တစ်ပြိုင်တည်း Streaming လွှင့်တင်မည်ဖြစ်ရာ MRTV App ၏ Entertainment Sector နှင့် MRTV Telegram တို့မှလည်း ဝင်ရောက်ကြည့်ရှုနိုင်မည့်အပြင် ဇွန် ၂၈ ရက် တနင်္ဂနွေနေ့ နံနက် ၁၀ နာရီခွဲတွင်လည်း MRTV-HD Channel မှ Replay ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၁၆ မှ*

**စောင့်ကြည့်ဓာတုပစ္စည်း ၅ မျိုး**

| စဉ် | အမျိုးအမည် | မှတ်ချက် |
|---|---|---|
| ၁ | Benzene | |
| ၂ | Caustic Soda | |
| ၃ | Propionyl Chloride | |
| ၄ | Ethyl Acetate | |
| ၅ | Hydrobromic Acid | |

**ထိန်းချုပ်ထားခြင်းမရှိသော အခြားဓာတုပစ္စည်းများ**

| စဉ် | အမျိုးအမည် | မှတ်ချက် |
|---|---|---|
| ၁ | Acetaldehyde | |
| ၂ | Acetic Acid | |
| ၃ | Acetyl Chloride | |
| ၄ | Activated Charcoal | |
| ၅ | Alkyl Sulphonic Acid (Liquid) | |
| ၆ | Ammonia (Liquid) | |
| ၇ | Ammonium Chloride | |
| ၈ | Benzyl Cyanide (Phenyl Acetonitrile) | |
| ၉ | Benzylamine | |
| ၁၀ | Calcium Phosphorous | |
| ၁၁ | Chloro-benzo-nitrile | |
| ၁၂ | Chloroform | |
| ၁၃ | Cresol | |
| ၁၄ | Diampromide Hydrochloride | |
| ၁၅ | Di-calcium Phosphate | |
| ၁၆ | Dichloromethane (Methylene chloride) | |
| ၁၇ | Dodecyl Benzene Sulphonic Acid (DBSA) | |
| ၁၈ | Ethanol | |
| ၁၉ | Ether | |
| ၂၀ | Ethanoic Acid | |
| ၂၁ | Ethylamine | |
| ၂၂ | Ethyl-benzylamine | |
| ၂၃ | Ethylene Glycol | |
| ၂၄ | Formaldehyde | |
| ၂၅ | Formamide | |
| ၂၆ | Hydrogen Peroxide | |
| ၂၇ | Iodine | |
| ၂၈ | Isopropyl alcohols | |
| ၂၉ | Magnesium Nitrate | |
| ၃၀ | Methanol | |
| ၃၁ | Microcrystalline Cellulose | |
| ၃၂ | Phenol | |
| ၃၃ | Phenyl Acetic Acid (PAA) | |
| ၃၄ | Phosphorous | |
| ၃၅ | Potassium Carbonate | |
| ၃၆ | Potassium Chloride (Potash) | |
| ၃၇ | Propiophenone | |
| ၃၈ | Pyridinium Bromide | |
| ၃၉ | Sodium Acetate Trihydride | |
| ၄၀ | Sodium Carbonate (Soda Ash Light) | |
| ၄၁ | Sodium Chloride | |
| ၄၂ | Sodium crystal | |
| ၄၃ | Sodium Diacetate (liquid) | |
| ၄၄ | Sodium Ethoxide | |
| ၄၅ | Sodium Sulphate Anhydrous | |
| ၄၆ | Tetrahydro furan | |
| ၄၇ | Theophylline Anhydrous | |
| ၄၈ | Thinner | |
| ၄၉ | Tri-ethylamine | |
| ၅၀ | Urea Fertilizer (Nitrogen 46%) | |
| ၅၁ | Xylene | |
| ၅၂ | Zinc | |

ဆေးချက်စခန်းများတွင် မူးယစ်ဆေးဝါး ထုတ်လုပ်မှုအား နည်းလမ်းအသစ်များနှင့် ချက်လုပ်နေသဖြင့် ထိုနည်းလမ်းသစ်များအရ လိုအပ်သော ထိန်းချုပ်ထားခြင်းမရှိသည့် ဓာတုပစ္စည်းများကို သိရှိရန်နှင့် နည်းလမ်းရှာဖွေထိန်းချုပ်ရန် အရေးတကြီး လိုအပ်နေပါသည်။ ထိန်းချုပ်ထားခြင်းမရှိသော ဓာတုပစ္စည်းများသည် နယ်စပ်ဒေသများမှ အတားအဆီးမဲ့ ဖြတ်ကျော်ဝင်ရောက်လာနိုင်သကဲ့သို့ နိုင်ငံတော်က စက်မှုလုပ်ငန်းများတွင် အသုံးပြုရန် ခွင့်ပြုပေးထားရာမှ လမ်းလွဲရောက်ရှိပြီး မူးယစ်ဆေးဝါး ချက်လုပ်ရာနေရာများသို့ ရောက်ရှိသွားနိုင်ပါသည်။

မူးယစ်ဆေးဝါးချက်လုပ်မှုကို တားဆီးနိုင်ရန်မှာ မူးယစ်ဆေးဝါးချက်လုပ်ရာ နယ်မြေများကို သတင်းဖော်ထုတ်ကာ သွားရောက်ရှင်းလင်းခြင်းနှင့် မပြီးမြောက်ဘဲ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုနိုင်သော ပစ္စည်းကိရိယာများ၊ ဓာတုပစ္စည်းများနှင့် ချက်လုပ်သူပညာရှင်များကို တားဆီးနိုင်ရန် အလွန်အရေးကြီးပါသည်။ မူးယစ်ဆေးဝါးချက်လုပ်မှုတွင် နိုင်ငံဖြတ်ကျော် ရာဇဝတ်ဂိုဏ်းများ၏ ပါဝင်ပတ်သက်မှုများ တိုးမြင့်လာပြီး ဂိုဏ်းဖွဲ့ကျူးလွန်လျက်ရှိသဖြင့် ပြဿနာကို ပိုမိုဆိုးရွားစေလျက်ရှိနေပါသည်။

ထိုသို့ ဂိုဏ်းဖွဲ့ကျူးလွန်မှုများက မူးယစ်ဆေးဝါး ချက်လုပ်သူ ပညာရှင်များကို နယ်စပ်ဒေသများမှ အလွယ်တကူ ဝင်ရောက်နိုင်စေသဖြင့် ရှာဖွေဖော်ထုတ်ဖမ်းဆီးရန် လွန်စွာခက်ခဲမည်ဖြစ်ပါသည်။ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ပစ္စည်းကိရိယာများမှာ ထုထည်ကြီးမားပြီး သယ်ယူရန် ခက်ခဲသဖြင့် မိမိနယ်မြေအတွင်း ဖြတ်သန်းသွားလာမှုများကို စနစ်တကျ စောင့်ကြည့်ရှာဖွေသွားရန် လိုအပ်ပါမည်။ သို့သော် ထိုအခြေခံနယ်မြေများမှာ လက်နက်အမျိုးမျိုးတို့၏ ပါဝင်ပတ်သက်မှုများကြောင့် တာဆီးနှိမ်နင်းရန် အခက်အခဲများနှင့် ကြုံတွေ့နေရပါသည်။ ထို့ကြောင့် ပစ္စည်းထုတ်လုပ်ရာ အိမ်နီးချင်းနိုင်ငံများနှင့် အနီးကပ်ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ အိမ်နီးချင်း နယ်စပ်ဒေသများမှ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုနိုင်သောပစ္စည်းများ၊ အသုံးပြုနိုင်သည့် ဓာတုပစ္စည်းများနှင့် ချက်လုပ်သူပညာရှင်များ ဝင်ရောက်မှုမရှိစေရေးအတွက် ပူးပေါင်းတားဆီးသွားရမည်ဖြစ်ပါသည်။

မူးယစ်ဆေးဝါးချက်လုပ်မှုကို တားမြစ်နိုင်ရန် အရေးကြီးဆုံးသောအချက်မှာ ချက်လုပ်ရာနေရာများသို့ ဓာတုပစ္စည်းများ မရောက်ရှိသွားစေရေးပင်ဖြစ်ပါသည်။ ဓာတုပစ္စည်းများသည် နယ်စပ်ဒေသများကို ဖြတ်ကျော်ကာ တရားမဝင် ဝင်ရောက်မှုများရှိနေသကဲ့သို့ တရားဝင်လမ်းကြောင်းမှ တင်သွင်းသော ဓာတုပစ္စည်းများလည်း လမ်းလွဲရောက်ရှိနေနိုင်ပါသည်။ လမ်းလွဲရောက်ရှိမှုကို တားဆီးနိုင်ရန်မှာ အစိုးရအဖွဲ့အစည်းများတွင် တာဝန်ရှိသကဲ့သို့ ဓာတုပစ္စည်း တင်သွင်းသူ၊ ရောင်းချသူ၊ ကိုင်တွယ်အသုံးပြုသူများ၏ ပူးပေါင်းပါဝင်မှုများက အရေးကြီးပါသည်။

မူးယစ်ဆေးဝါးချက်လုပ်ပုံ နည်းလမ်းများ ပြောင်းလဲလာသည်နှင့်အမျှ မူးယစ်ဆေးဝါး ချက်လုပ်ရာတွင် လိုအပ်သော ဓာတုပစ္စည်းများကိုလည်း လေ့လာဆန်းစစ်မှုများ ပြုလုပ်သွားရန် လိုအပ်ပါသည်။ ထိုသို့ လေ့လာဆန်းစစ်မှုများ ပြုလုပ်နိုင်ပါမှသာ သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် အရေးတကြီး စောင့်ကြည့်ထားရမည့် ဓာတုပစ္စည်းများစာရင်းကို သတ်မှတ်နိုင်မည်ဖြစ်ပါသည်။ မူးယစ်ဆေးချက် စခန်းများတွင် ဖမ်းဆီးရမိသည့် ထိန်းချုပ်ထားခြင်းမရှိသော ဓာတုပစ္စည်းများမှာ မူးယစ်ဆေးဝါးချက်လုပ်ရာ၌ အမှန်တကယ် အသုံးပြုနေသဖြင့် ထိုဓာတုပစ္စည်းများကို အရေးတကြီး စောင့်ကြပ်ကြည့်ရှုသွားရန် လိုအပ်မည်ဖြစ်ပါသည်။ သို့မှသာ ထိန်းချုပ်ထားခြင်းမရှိသည့် ဓာတုပစ္စည်းများ တင်သွင်းမှု၊ အသုံးပြုမှု၊ သိုလှောင်မှု၊ တစ်ဆင့်ပြန်လည်ရောင်းချမှုနှင့် သယ်ယူပို့ဆောင်မှုများကို ကြီးကြပ်စစ်ဆေးနိုင်မည် ဖြစ်ပါသည်။

သက်ဆိုင်ရာ အစိုးရတာဝန်ရှိသူများအနေဖြင့် ဓာတုပစ္စည်းတင်သွင်းသည့် ကုမ္ပဏီများအား မြေပြင်တွင် အမှန်တကယ် ရှိ/မရှိ၊ တင်သွင်းမည့် ပမာဏသည် အမှန်တကယ်လိုအပ်ခြင်း ရှိ/မရှိ၊ စက်မှုလုပ်ငန်းများတွင် အမှန်တကယ် အသုံးပြုနေခြင်း ရှိ/မရှိ၊ ဓာတုပစ္စည်းများကို စနစ်တကျ ထားသို/သိုလှောင်ထားနိုင်မှု ရှိ/မရှိတို့အား စစ်ဆေးပြီးမှသာ တင်သွင်းခွင့်ပြုသင့်ပါသည်။ မိမိကုန်ထုတ်လုပ်ငန်းများတွင် အသုံးပြုခြင်းဖြစ်ပါက စက်ရုံများမှ ထွက်ရှိသော ကုန်ပစ္စည်းများနှင့် အသုံးပြုခဲ့သော ဓာတုပစ္စည်းပမာဏ၊ ထုတ်ကုန်နှင့် သိုလှောင်ထားသည့် ပမာဏကိုက်ညီမှု ရှိ/မရှိကို မြေပြင်ကွင်းဆင်း စစ်ဆေးမှုများဖြင့် အခါအားလျော်စွာ ဆောင်ရွက်သင့်ပါသည်။

တစ်ဆင့်ပြန်လည်ရောင်းချမည့် ကုမ္ပဏီများသို့ တင်သွင်းခွင့်ပြုရာတွင်လည်း သက်ဆိုင်ရာကုမ္ပဏီများမှ ဝယ်ယူသူများ၏ စာရင်းကို သေချာစွာ မှတ်သားထားပြီး စာရင်းဇယားများကို အချိန်ကာလ သတ်မှတ်ကာ ထိန်းသိမ်းထားရန် ညွှန်ကြားပေးရမည်ဖြစ်ပါသည်။ ရောင်းချထားသည့် စာရင်းဇယားနှင့် လက်ကျန်စာရင်းဇယားများကိုလည်း ပြန်လည်တင်ပြစေခြင်းဖြင့် စစ်ဆေးမှုများကို ဆောင်ရွက်ထားသင့်ပါသည်။ ဓာတုပစ္စည်းများ သယ်ယူပို့ဆောင်ရာတွင်လည်း မူးယစ်ဆေးဝါးချက်လုပ်ရာ နယ်မြေများသို့ သယ်ယူပို့ဆောင်ခြင်းဖြစ်ပါက အထူးဂရုပြုစစ်ဆေးမှုများ ဆောင်ရွက်ပြီးမှသာ ခွင့်ပြုပေးသင့်ပါသည်။

ဓာတုပစ္စည်းများ သယ်ယူပို့ဆောင်ရန်အတွက် ခွင့်ပြုမိန့်တောင်းခံရာတွင် သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းများက သယ်ယူပို့ဆောင်မည့်နေရာတွင် စက်မှုလုပ်ငန်းများ ရှိ/မရှိ၊ စက်မှုလုပ်ငန်းများတွင် ထိုဓာတုပစ္စည်းများ အမှန်တကယ် လိုအပ်ခြင်း ရှိ/မရှိနှင့် သုံးစွဲမှု ရှိ/မရှိအား စစ်ဆေးပြီးမှသာ ခွင့်ပြုပေးသင့်ပါသည်။ ထွက်ခွာ၊ ရောက်ရှိနေရာများတွင်လည်း ခွင့်ပြုမိန့်ပါ အလေးချိန်မှန်ကန်မှု ရှိ/မရှိအား စစ်ဆေးကြီးကြပ်သွားရန် လိုအပ်ပါသည်။ စက်ရုံအလုပ်ရုံများမရှိခြင်း၊ စက်ရုံအလုပ်ရုံများတွင် အမှန်တကယ်အသုံးပြုခြင်းမရှိပါက သယ်ယူပို့ဆောင်ခွင့်၊ သိုလှောင်ခွင့်၊ တစ်ဆင့်ပြန်လည်ရောင်းချခွင့်များကို တားမြစ်သင့်ပါသည်။ လုပ်ငန်းရှင်များအနေဖြင့် လူသားထုအတွက် အန္တရာယ်ကြီးသော ဓာတုပစ္စည်း တင်သွင်း၊ သိုလှောင်၊ သယ်ယူ၊ ပို့ဆောင်၊ ရောင်းချမှုများတွင် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်ပေးသင့်ပါသည်။

**မူးယစ်ဆေးဝါး ပြဿနာသည် တစ်ဦးတစ်ယောက်တည်းကိုသာ ထိခိုက်စေသည် မဟုတ်ဘဲ ပတ်သက်ဆက်နွှယ်နေသူအားလုံးကို ထိခိုက်စေပါသည်။ နိုင်ငံတစ်ခုတည်းကိုသာ ထိခိုက်စေသည် မဟုတ်ဘဲ နိုင်ငံအားလုံးကို ထိခိုက်စေလျက် ရှိပါသည်။ နယ်နိမိတ်မရှိ၊ ကျား/မ ခွဲခြားမှုမရှိ၊ ကိုးကွယ်ရာ ဘာသာခွဲခြားမှုမရှိဘဲ လူသားအားလုံးကို ထိခိုက်စေသော ပြဿနာဖြစ်ပါသည်။ သုံးစွဲသူ/ထုတ်လုပ်သူမှသည် ပတ်ဝန်းကျင်သို့လည်းကောင်း၊ ပတ်ဝန်းကျင်မှသည် မြို့၊ ရွာ၊ ပြည်နယ်၊ နိုင်ငံများအထိပါ ကြီးစွာထိခိုက်စေလျက်ရှိပါသည်။**

သက်ဆိုင်ရာကဏ္ဍအလိုက် ပါဝင်သူများအနေဖြင့် မိမိတို့၏ ဆောင်ရွက်ချက်အမှား တစ်နည်းအားဖြင့် မတော်လောဘကြောင့် ဖြစ်ပေါ်လာသော နောက်ဆက်တွဲပြဿနာသည် အနာဂတ်မျိုးဆက်သစ်များကို ထိခိုက်ရာမှသည် နိုင်ငံတော်အဆင့်အထိ ထိခိုက်ပျက်စီးစေနိုင်သည်ကို ဂရုပြုကြရန် လိုအပ်ပါသည်။ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုနေသော ဓာတုပစ္စည်းများကို တင်သွင်းရာတွင်လည်းကောင်း၊ ဖြန့်ဖြူးရာတွင်လည်းကောင်း၊ သယ်ယူပို့ဆောင်ရာတွင်လည်းကောင်း မတော်လောဘကြောင့် သို့မဟုတ် မိမိ၏ပေါ့လျော့မှုကြောင့် ခွင့်ပြုပေးနေခြင်းသည် အနာဂတ်လူငယ်များကို အသံတိတ် သတ်ဖြတ်နေခြင်းပင်ဖြစ်ပါသည်။

ဓာတုပစ္စည်း ဝယ်ယူ၊ တင်သွင်း၊ ကိုင်တွယ်အသုံးပြုနေသူများအနေဖြင့်လည်း မိမိတို့၏ မှားယွင်းမှု၊ ပေါ့လျော့မှုနှင့် မတော်လောဘများကြောင့် မိမိမိသားစု၊ မိမိအသိုက်အဝန်းအပေါ် ဆိုးကျိုးများ ဖြစ်ပေါ်လာစေနိုင်သည်ကို သတိပြုရန် လိုအပ်ပါသည်။ UNODC ၏ ယခုနှစ် ဆောင်ပုဒ်မှာလည်း World Drug Problem: Persisting Issues, New Challenges, Innovative Responses ဖြစ်သဖြင့် ကြုံတွေ့နေရသော မူးယစ်ဆေးဝါး ပြဿနာကို ဖြေရှင်းနိုင်ရေးအတွက် နည်းလမ်းဟောင်းများကိုသာ အသုံးပြုနေခြင်းထက် တီထွင်မှု၊ ဆန်းသစ်မှုများပါဝင်သော နည်းလမ်းများဖြင့် ဖြေရှင်းဆောင်ရွက်ရန် အရေးတကြီးလိုအပ်လာပြီဖြစ်ပါသည်။ သက်ဆိုင်ရာကဏ္ဍတွင် ပါဝင်သောသူများအနေဖြင့် အသိတရားနှင့် ဉာဏ်ပညာကို ယှဉ်ကာ မူးယစ်ဆေးဝါးထုတ်လုပ်မှုကို တားဆီးနိုင်ရန်အတွက် အရေးကြီးသော ကဏ္ဍဖြစ်သည့် ဓာတုပစ္စည်းလမ်းလွဲရောက်ရှိမှုကို တိုက်ဖျက်သွားရန် ပူးပေါင်းပါဝင်ပေးသင့်ကြောင်း တင်ပြအပ်ပါသည်။ ။

---

## သုတစုံလင်ဗုဒ္ဓဝင်စာမေးပွဲ၌ ဗဟိုအဆင့် စတုတ္ထဆုရရှိသူအား ဂုဏ်ပြုချီးမြှင့်

**လက်ပံတန်း ဇွန် ၂၄**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်း မြို့နယ်တွင် တေရသမအကြိမ် မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင်ဗုဒ္ဓဝင် ဖြေဆိုပူဇော်ပွဲတွင် ထူးချွန်ဆုရရှိသူများနှင့် ဖြေဆိုအောင်မြင်သူများအား ဂုဏ်ပြုဆုပေးပွဲနှင့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပွဲ အခမ်းအနားကို မြို့ နယ်ခန်းမ၌ ယမန်နေ့မွန်းလွဲ ၁ နာရီက ကျင်းပရာ သုတစုံလင်အဖွဲ့ ဗဟိုဥက္ကဋ္ဌ



ဆရာတော် ဒေါက်တာ ပဏ္ဍိတာဘိက္ခုနှင့် မြို့နယ်သံဃနာယကဥက္ကဋ္ဌဆရာတော်တို့က ဝမ်းမြောက်သြဝါဒစကားချီးမြှင့်ပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနေမင်းအောင်က သာသနာရေးဆိုင်ရာကိစ္စများ လျှောက်ထားခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင် ဗုဒ္ဓဝင်ပြိုင်ပွဲတွင် လက်ပံတန်းမြို့နယ်မှ ကျောင်းသား ကျောင်းသူ ၃၇၇ ဦး ဝင်ရောက်ဖြေဆိုရာ ဖြေဆိုအောင်မြင်သူ ၁၇၂ ဦး၊ ဗဟိုအဆင့် စတုတ္ထဆုရ မမေသီရိစံနှင့် ဗုဒ္ဓဝံသဝိသာရဒဘွဲ့ရ ကိုးဦးတို့အား သုတစုံလင်အဖွဲ့ ဗဟိုဥက္ကဋ္ဌဆရာတော်၊ မြို့နယ်သုတစုံလင်အဖွဲ့ သြဝါဒစရိယဆရာတော်များနှင့် တာဝန်ရှိသူများက ငွေသားနှင့် ဆုတံဆိပ်များ ချီးမြှင့်ခဲ့သည်။

မြို့နယ်(ပြန်/ဆက်)

## ပန်းတောင်းမြို့နယ်၌ မိုးစပါးစိုက်တောင်သူများအား မျိုးနှင့် သွင်းအားစုများပေးအပ်

**ပန်းတောင်း ဇွန် ၂၄**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်၌ (၁၀၄) နှစ်မြောက် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မိုးစပါးစီမံကိန်း စိုက်ပျိုးသော သမဝါယမအသင်းသား တောင်သူများသို့ မျိုးနှင့် သွင်းအားစုများ ပေးအပ်ပွဲကို ယမန်နေ့က မြို့နယ်သမဝါယမဦးစီးဌာန၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးအောင်သူရက မိုးစပါးစီမံကိန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက မိုးစပါးစီမံကိန်း စိုက်ပျိုးကြမည့် သမဝါယမအသင်းသား တောင်သူများထံသို့ မိုးစပါးမျိုးစေ့များနှင့် သွင်းအားစုများ ပေးအပ်ခဲ့ကြောင်း သိရသည်။



လပြည့်လင်း(ပြန်/ဆက်)

## သထုံမြို့၌ လူငယ်ရေးရာအသိပညာပေး ဟောပြော

**သထုံ ဇွန် ၂၄**

မွန်ပြည်နယ် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို ဇွန် ၂၂ ရက်က အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်း ဉာဏ်ဝေယံခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးမိမိခိုင်က အမှာစကား ပြောကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက စာဖတ်ရှိန်မြှင့်တင်ရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ် သတိပြုကာကွယ်ရေး သိကောင်းစရာတို့ကိုလည်းကောင်း၊ ခရိုင်တိုင်းရင်းဆေးမှူးက မိုးရာသီကာလအဖြစ်များသည့်ရောဂါများနှင့် ဂရုပြုနေထိုင်ရမည့်အချက်များကိုလည်းကောင်း ဆွေးနွေးဟောပြောပြီး နံရံကပ်စာစောင်များကို ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)





## သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးဆောင်ရွက်

**ထန်းတပင် ဇွန် ၂၄**

ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ်ပြည်သူ့ ကျန်းမာရေးဦးစီးဌာနက သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု မရှိစေရေးအတွက် ဖုံး သွန် လဲ စစ်နှင့်အဘိတ်ဆေးခတ်ခြင်းများကို ယမန်နေ့က ပြုလုပ်ရာ ပြည်သူ့ကျန်းမာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီအသင်းဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခိုင်စန္ဒာထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ ပူးပေါင်း၍ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ရေတာရှည်မြို့နယ်၌ ဥပဒေအသိပညာ ပြန့်ပွားရေး ဆရာဖြစ် သင်တန်းဖွင့်

**ရေတာရှည် ဇွန် ၂၄**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းကို ဇွန် ၂၂ ရက်က မြို့တော်ခန်းမ၌ ဖွင့်လှစ်ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဥက္ကာသန်းက အမှာစကားပြောကြားပြီး မြို့နယ်ဥပဒေအရာရှိ ဦးလှိုင်မျိုးဝင်းက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ သင်တန်းကို



ဇွန် ၂၂ ရက်မှ ဇွန် ၂၆ ရက်အထိ သင်တန်းသား ၁၀၈ ဦးဖြင့် ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## မအူပင်မြို့၌ အရန်သားဖွားဆရာမများ လုပ်ငန်းဆောင်ရွက်ခြင်းဆိုင်ရာ ဆွေးနွေး

**မအူပင် ဇွန် ၂၄**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့ ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံး



အစည်းအဝေးခန်းမ၌ ယမန်နေ့က အရန်သားဖွားဆရာမများ လုပ်ငန်းဆောင်ရွက်ခြင်းဆိုင်ရာ ဆွေးနွေးပွဲကျင်းပရာ မြို့နယ်ခေတ္တအုပ်ချုပ်ရေးမှူး ဦးအောင်ကျော်က အမှာစကားပြောကြားပြီး သားဖွားမီးယပ်အထူးကု ဆရာဝန်ကြီး ဒေါ်လှဌေးက သင်တန်းနှင့်ပတ်သက်၍ အမှာစကားပြောကြားသည်။ ထို့နောက် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးမှူးက အရန်သားဖွားဆရာမများ၏ လုပ်ငန်းစဉ်များ ပြောကြားပြီး သားဖွားမီးယပ်အထူးကုဆရာဝန်ကြီးနှင့် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးတို့က ဦးဆောင်၍ အရန်သားဖွားဆရာမ ၃၁ ဦးနှင့် ဆွေးနွေးပွဲဆောင်ရွက်ပြီး ငါးရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

အောင်မြင့်မြတ်(ပြန်/ဆက်)



မိုင်းဖြတ်မြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၁ ရက်က ဝမ်လုံးကျေးရွာအုပ်စုရှိ နယ်မြေခံတပ်အတွင်း နယ်မြေခံစစ်ဆင်ရေးကွပ်ကဲရေးမှူး၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် လူမှုရေးအသင်းအဖွဲ့များက ကျွန်း၊ မဲဇလီ၊ မန်ကျည်းရှား၊ ယမနေ စသည့်ပျိုးပင် ၈၁၀ ကို စုပေါင်းစိုက်ပျိုးကြစဉ်။ ရွှေကို(မိုင်းဖြတ်)



## တိုက်ရိုက်မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်း သရုပ်ပြ

**ရန်ကုန် ဇွန် ၂၄**

ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် ဝါးရုံဆိပ်အေးရွာအနောက်ရပ်ကွက် တောင်သူ ဦးဇော်ထူး၏ လယ်မြေ၌ တိုက်ရိုက်မျိုးစေ့ချကိရိယာဖြင့် ဆင်းသုခမျိုးစပါးစိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကို ယမန်နေ့က ကျင်းပရာ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ကျော်နိုင်က တိုက်ရိုက်မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ ဦးစီးအရာရှိနှင့်မြို့နယ်ဦးစီးမှူးတို့က ဘိုင်အိုချာပြုလုပ်သုံးစွဲပုံ၊ စိုက်ပျိုးနည်းပညာများအကြောင်း ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများ၏ သိရှိလိုသည်များကို ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

ခိုင်ဇာလင်း(ပြန်/ဆက်)



မွန်ပြည်နယ် ဘီးလင်းမြို့နယ်မီးသတ်ဦးစီးဌာန၌ သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ အကြိုအခြေခံမီးသတ်သင်တန်းဖွင့်ပွဲကို ဇွန် ၂၂ ရက်က မြို့နယ်မီးသတ်ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ သင်တန်းသား ၄၅ ဦးအား သင်တန်းနည်းပြများက မီးဘေးလုံခြုံရေးဘာသာရပ်များကို သင်ကြားပို့ချစဉ်။ မြို့နယ် (ပြန်/ဆက်)



ချောင်းဆုံမြို့နယ်အတွင်းရှိ ကျောင်းသား ကျောင်းသူများအား ဇွန် ၂၃ ရက်က ချောင်းဆုံ (အထက)ကျောင်း၌ တာဝန်ရှိသူများက ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် သတင်းစကားလက်ကမ်းစာစောင်များ ဖြန့်ဝေစဉ်။ မြို့နယ်(ပြန်/ဆက်)

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## အလုပ်သမားဝန်ကြီးဌာန
## အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ အလုပ်သမားဝန်ကြီးဌာန၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၏ ၂၀၂၆ -၂၀၂၇ ဘဏ္ဍာနှစ်အတွင်း ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့် ဆောင်ရွက်မည့် အောက်ဖော်ပြပါ တည်ဆောက်ရေး လုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါ (Open Tender) တင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | အကြောင်းအရာ | အရေအတွက် |
|---|---|---|
| (က) | မန္တလေးတိုင်းဒေသကြီးရုံး (၆၀' x ၃၀' x ၂၂') RC ၂ ထပ် ဆောက်လုပ်ခြင်း [ရေ၊ မီး၊ မိလ္လာ၊ Apron & Drain ,Overhead Tank (၂၀၀ ဂါလန်) နှင့် (၈၀'x ၇၀'x ၁') မြေဖို့ခြင်းအပါ] | (၁) မျိုး |
| ( ခ ) | မအူပင်ခရိုင်ရုံးအဆောက်အဦ(၄၀' x ၃၀' x ၂၂') RC ၂ ထပ် ဆောက်လုပ်ခြင်း [ရေ၊ မီး၊ မိလ္လာ၊ Apron & Drain, Overhead Tank နှင့် (၅၀'x ၄၀'x ၄') မြေဖို့ခြင်းအပါ] | (၁) မျိုး |
| ( ဂ ) | လှိုင်ကော်ခရိုင်ရုံးအဆောက်အဦ(၄၀'x ၃၀'x ၂၂') RC ၂ ထပ်ဆောက်လုပ်ခြင်း (ရေ၊ မီး၊ မိလ္လာ၊ Apron & Drain, Overhead Tank ၊ ပြင်ပရေသွယ်တန်းခြင်း အပါ) | (၁) မျိုး |

၂။ အိတ်ဖွင့်တင်ဒါ လျှောက်လွှာပုံစံများအား ရုံးချိန်အတွင်း နေပြည်တော်၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၊ ရုံးချုပ်၊ စီမံရေးရာဌာနခွဲတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါပုံစံရောင်းချမည့်ရက် - ၁၃-၇-၂၀၂၆ ရက်နေ့မှ ၁၇-၇-၂၀၂၆ ရက်နေ့ အထိ၊ (ရုံးချိန်အတွင်း) ၁၀:၀၀ နာရီမှ ၁၆:၀၀ နာရီအထိ၊

၄။ တင်ဒါ Specification နှင့် ဈေးနှုန်းလွှာတင်သွင်းရမည့်နေ့ရက် - ၂၀-၇-၂၀၂၆ရက်နေ့မှ ၂၄-၇-၂၀၂၆ ရက်နေ့ထိ၊ (ရုံးချိန်အတွင်း) ၁၀:၀၀ နာရီမှ ၁၆:၀၀ နာရီအထိ၊

၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း - ၀၆၇-၃၄၃၀၃၉၂၊ ၀၉- ၄၂၈၁၂၅၁၁၂၊ ၀၉-၉၇၈၀၀၇၆၆၄၁ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန**
**အလုပ်သမားဝန်ကြီးဌာန**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ချမ်းမြသာစည်မြို့နယ်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၁၁၅

ဦးဇော်မျိုးထွန်း နှင့် ဒေါ်ခင်သန်းနု
(၎င်း၏အထူးကိုယ်စားလှယ်စာရသူ ဒေါ်ခင်အေး)
**တရားလို** **တရားပြိုင်**

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ အကွက်အမှတ် (၇၁၁)၊ မောရဂီဝါရပ်ကွက်နေ ဒေါ်ခင်သန်းနု (၎င်း၏အထူးကိုယ်စားလှယ်စာရသူ ဒေါ်ခင်အေး (ဘ) ဦးလှအောင် ၉/မရမ(နိုင်)၀၆၀၃၃၁) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်တွင် တရားလို ဦးဇော်မျိုးထွန်း က မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(စစ-၂)၊ ဦးပိုင်အမှတ် (၉၄)၊ ဧရိယာ (၀ ဒသမ ၀၅၅၁) ဧကအကျယ်အဝန်းရှိ မြေကွက်အတွင်းမှ အနောက်ဘက်ခြမ်း ပေ(၃၀x၄၀)ရှိ မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည် ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ (၉)ရက်၊ (၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလဆုတ် (၁၀)ရက်) မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်လိုအပ်သည့် စာမှတ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင့်နှင့်အတူယူဆောင်လာရမည်။သို့မဟုတ်သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်၊ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဇွန်လ (၁၈) ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နန်းလဲ့ရည်စိုးဦး)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## ( တရားမကျင့်ထုံးဥပဒေအမိန့်- ၅ ၊ နည်းဥပဒေ ၂၀ )
## မုဒုံမြို့နယ်တရားရုံးတော်၌
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်-၈

ဦးအုန်းသော် နှင့် ၁။ ဒေါ်စောညွှန့်
၂။ ဦးမင်းဇေယျာဦး
**(တရားလို)** **(တရားပြိုင်များ)**

မုဒုံမြို့နယ်၊ ကော့ပရံကျေးရွာ၊ သာယာကုန်းပိုင်း၊ အမှတ်(၇၆၂)နေ တရားပြိုင် ဒေါ်စောညွှန့် (ဘ) ဦးကျော်လှိုင် ၊ ဦးမင်းဇေယျာဦး(ဘ)ဦးရွှေသိန်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးအုန်းသော်က တရားပြိုင်များဖြစ်သော ဒေါ်စောညွှန့် (ဘ) ဦးကျော်လှိုင် ၊ ဦးမင်းဇေယျာဦး(ဘ)ဦးရွှေသိန်းတို့အား "(၂၀-၁-၂၀၂၃) ရက်စွဲပါ သဘောတူဝန်ခံကတိစာချုပ်အရ ငွေကျပ် (၃၆၀၀၀၀၀၀/-)နှင့် နစ်နာကြေးငွေကျပ် (၁၄၀၀၀၀၀၀/-)ရလိုမှု"နှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၆ ခုနှစ်၊ ဇွန် လ ၃၀ ရက်(၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလဆုတ် ၁ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်လိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဇွန်လ (၁၉) ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အောင်မြင့်ဋ္ဌေး)**
**မြို့နယ်တရားသူကြီး**
**မုဒုံမြို့နယ်တရားရုံး**

## အမည်မှန်
တနင်္သာရီမြို့နယ်၊ အ.ထ.က-ညောင်ပင်ကွင်းတွင် ပညာသင်ကြားနေသော Grade.3 ကျောင်းသား မောင်အိမ်မင်းစစ် ၏ ဖခင် ဦးစိုးသိန်းဦး၏ အမည်မှန်မှာ ဦးမိုးကျော်ခိုင် ဖြစ်ပါကြောင်း။
**ဦးမိုးကျော်ခိုင်**

## ဖခင်အမည်မှန်
စေတုတ္တရာမြို့နယ်၊ အထက (ဘူးကျောင်း) Grade 12 မှ မောင်ဇင်ကိုဖုန်း၊ သားဖွားသင်တန်းကျောင်း (ပြင်ဦးလွင်) ပထမနှစ်မှ မခိုင်စန္ဒာကျော် တို့၏ ဖခင်အမည်မှန်မှာ ဦးဗိုလ်ကေငြိမ်း ၈/စတရ(နိုင်)၀၂၉၇၇၄ ဖြစ်ပါကြောင်း။
**ဦးဗိုလ်ကေငြိမ်း**

## အမည်ပြောင်း
ဦးမျိုးသန့်အောင် ၈/မကန(နိုင်) ၁၆၇၃၉၃ ၏သား ချောက်ခရိုင် ချောက်မြို့ အမက(၂) ဗဟိုကွက်သစ်ကျောင်း Grade 5 မှ မောင်ဆက်ထူးဝေယံအား မောင်ထက်ထူးဝေယံ ဟု ပြောင်းလဲခေါ်ဆိုပါရန်။
**မောင်ထက်ထူးဝေယံ**

## ဖခင်အမည်မှန်
ရေဖြူမြို့နယ်၊ တလိုင်းယာချောင်းဝရွာ၊ အမက ဒေါက်လောက် Grade -4 တွင် ပညာသင်ကြားနေသော မောင်ဖြိုးသူရကျော်၏ ဖခင် အမည်မှန်မှာ ဦးလွင်စိုး ၆/ရဖန (နိုင်) ၀၇၈၃၆၅ ဖြစ်ပါကြောင်း။
**ဦးလွင်စိုး**

## ဖခင်အမည်မှန်
ရေဖြူမြို့နယ်၊ သမြေဇွန်ရွာနေ မဇာဇာဖြိုးနှင့် မောင်ဇာနည်ဖြိုး၏ ဖခင် အမည်မှန်မှာ ဦးတင်မိုးဦး ၁၂/ကမန(နိုင်) ၀၉၈၂၃၁ ဖြစ်ပါကြောင်း။
**ဦးတင်မိုးဦး**

## မိဘအမည်မှန်
တောင်ငူမြို့နယ်၊ ကမ်းနီကျေးရွာအုပ်စု၊ ကရင်နီကုန်းကျေးရွာနေ အလက ညောင်စခန်းကျောင်း Grade-7 မှ မောင်ငြိမ်းချမ်းအောင်၏ ဖခင်နှင့် မိခင်အမည်မှန်မှာ ဦးကျော်ဝင်းသိန်း ၇/တငန(နိုင်) ၂၅၀၆၆၇ နှင့် ဒေါ်မိုးစန္ဒာ ၇/တငန (နိုင်) ၁၉၃၁၈၄ ဖြစ်ပါကြောင်း။

## မိခင်အမည်မှန်
ရေဖြူမြို့၊ (ခ)ရပ်ကွက်နေ အထက ရေဖြူ Grade-5 ကျောင်းသူ မတေးနှယ်ဉ်ချို၏ မိခင်အမည်မှန်မှာ ဒေါ်အိဖြူစင် (၆/ရဖန(နိုင်)၀၆၁၂၉၂) ဖြစ်ပါကြောင်း။
**ဒေါ်အိဖြူစင်**

## မိဘအမည်မှန်
စေတုတ္တရာမြို့နယ်၊ အထက (တန့်လည်ကျင်းကျောင်း) Grade-8 မှ မောင်ထက်မြတ် ၏ မိဘအမည်မှန်မှာ ဦးမျိုးညွန့် ၈/စတရ(နိုင်)၀၂၉၂၇၅ နှင့် ဒေါ်အေးအေးချို ၈/စတရ(နိုင်) ၀၂၉၂၅၈ ဖြစ်ပါကြောင်း။
**ဦးမျိုးညွန့်၊ ဒေါ်အေးအေးချို**

## ဖခင်အမည်မှန်
ကလေးမြို့နယ်၊ အထက (၁) Grade-12 မှ မအေးမိုးထွေး၏ ဖခင်အမည်မှန်မှာ ဦးမောင်ဆွတ် ၁၃/ကလန (နိုင်)၀၃၉၆၉၁ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်
ကလေးမြို့၊ အထက (၁) Grade-12 မှ မလှဝိုင်း၏ ဖခင်အမည်မှန်မှာ ဦးကုန် ၁၃/ကလန(နိုင်)၀၄၂၀၄၃ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်
ရှမ်းပြည်နယ်တောင်ပိုင်း၊ မိုင်းရှူးမြို့၊ အထက ကျောင်း Grade-3 မှ နန်းစုဟန်ဇာဝီစံ၏ ဖခင်အမည်မှန်မှာ မောင်သာထက်ဝင်း (၁၃/မရန(နိုင်) ၀၄၂၂၉၁) ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်
တောင်ကြီးမြို့၊ အထက (၄)၊ Grade-7(B) မှ မောင်လင်းရောင်သန့်၏ ဖခင်အမည်မှန်မှာ ဦးဆန်းမင်း (၉/ပဘန (နိုင်) ၁၅၆၉၈၇) ဖြစ်ပါကြောင်း။

## ဘိုးဘပိုင်မြေအမည်ပြောင်းလျှောက်ထားကြောင်းကြေညာစာ
သထုံမြို့၊ လိပ်အင်းရပ်ကွက်၊ အကွက်အမှတ် (၉)၊ ကျောင်းကုန်းအကွက်၊ ဦးပိုင်အမှတ် (၇၅)၊ မြေဧရိယာ (၀ဒသမ၁၁၄) ဧကရှိမြေကွက်အား အရှေ့ဘက် - မင်းလမ်း၊ အနောက်ဘက် - ဦးပိုင်အမှတ် (၆၄ᵃ)၊ တောင်ဘက် - လမ်းကြား ၊ မြောက်ဘက် - ဦးပိုင်အမှတ် (၇၄)၊ ရှိမြေကို (ဘိုးဘပိုင်မြေအမည်ပြောင်း) ပေးရန် ဦးဇော်မျိုးနိုင် မှ လျှောက်ထားလာသည့်အတွက် ဦးဇော်မျိုးနိုင် ၏အမည်သို့ ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများ ရှိပါက ၂၀၂၆ ခုနှစ်၊ ဇွန်လ(၂၇) ရက်မတိုင်မီ ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများနှင့်တကွ မြို့နယ်မြေစာရင်းဦးစီးဌာနမှူး၊ သထုံမြို့ထံ ကန့်ကွက်နိုင်ကြောင်း နှင့် သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက် တင်ပြမှုမရှိပါက ကန့်ကွက်သူ မရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**သထုံမြို့နယ်မြေစာရင်းဦးစီးဌာန ၊ သထုံမြို့**

## ဦးကျော်သူ(၇/ကဝန(နိုင်)၁၈၁၆၄၆)နှင့် အများသိစေရန်ကြေညာခြင်း
ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဝင်းဝင်းမော် (၁၂/ဗဟန(နိုင်)၀၁၈၂၅၁)၊ အမှတ် (၂၈၂/က)၊ ရာဇဓိရာဇ်လမ်း၊ (၁၂၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်နေထိုင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူနှင့် ဦးကျော်သူ (၇/ကဝန(နိုင်)၁၈၁၆၄၆)တို့သည် (၆-၈-၂၀၂၅) ရက်တွင် အသိသက်သေများဖြစ်သူ ဦးဇော်မိုးလွင်နှင့် ဒေါ်သူဇာဝင်းတို့၏ ရှေ့မှောက်၌ နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်း ကတိစာချုပ်ကို ပြုလုပ်ချုပ်ဆိုခဲ့ကြပြီးနောက် ပစ္စည်းခန်းခွဲဝေခြင်း ကတိစာချုပ်ကိုလည်း ချုပ်ဆိုခဲ့ကြပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ထိုနေ့ရက်အချိန်မှစပြီး ယနေ့အချိန်အထိအကြင် လင်မယားမဟုတ်ကြတော့သည့်အတွက် ဒေါ်ဝင်းဝင်းမော်နေထိုင်သောနေအိမ်သို့ ဦးကျော်သူအနေဖြင့် လာရောက်နှောင့်ယှက်ခြင်းများ ပြုလုပ်ခဲ့ပါလျှင် တရားဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်ဝင်းဝင်းမော်**
**၁၂/ဗဟန(နိုင်)၀၁၈၂၅၁**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ကျော်မြင့် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၅၁၈၃)**
**အမှတ်(၄၇၈)၊ ဓမ္မာရုံလမ်း၊ (၄၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ဖုန်း-၀၉-၄၂၀၀၅၁၇၈၅**

## ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း
တောင်ကြီးမြို့ ၊ မင်္ဂလာဦးရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ်(၃၃၆)နေ ဒေါ်ယုမွန်သန်း (ဘ) ဦးခင်မောင်သန်း (၁၃/တကန(နိုင်)၁၉၅၆၇၂) နှင့် တောင်ကြီးမြို့ ၊ ပြည်တော်သာရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ် (9,A)နေ ဦးစိုင်းဟတ် (ဘ)ဦးစိုင်းကောင်း (၁၃/တကန(နိုင်)၁၅၂၂၄၂)တို့သည် တောင်ကြီးမြို့နယ်တရားရုံးတော်၊ တရားမကြီးမှုအမှတ် (၅၀/၂၀၂၆)၏ (၂၆-၅-၂၀၂၆) ရက်တွင် ချမှတ်သည့် လင်မယားကွာရှင်းပြတ်စဲစေသည့် အမိန့်အရ အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲခဲ့ပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဦးစိုင်းဟတ်နှင့် ကျွန်မဒေါ်ယုမွန်သန်းတို့သည် (၂၆-၅-၂၀၂၆)ရက်မှစ၍ ကွာရှင်းပြတ်စဲပြီးဖြစ်သောကြောင့် တစ်ဦးနှင့်တစ်ဦး ကိုယ်ရေးကိုယ်တာကိစ္စအရပ်ရပ်ဟူသမျှသည် မည်သို့မျှ သက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ယုမွန်သန်း ၁၃/တကန(နိုင်)၁၉၅၆၇၂**
**အမှတ်(၃၃၆)၊ မင်္ဂလာလမ်း၊ မင်္ဂလာဦးရပ်ကွက်၊ တောင်ကြီးမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း
